# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 3 July 2022 ၁၀၇၈၅


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒလသင်္ဘောကျင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## ပြည်သူများ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများအပေါ် ယုံကြည်မှုများရှိလာအောင် ကြိုးပမ်းဆောင်ရွက်

# ကုန်ကျစရိတ်သက်သာသည့် ရေကြောင်းပို့ဆောင်ရေးစနစ်ကို ကောင်းမွန်တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်

နေပြည်တော် ဇူလိုင် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒလသင်္ဘောကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန သမိုင်းအကျဉ်း၊ ဌာန၏ရည်မှန်းချက်များ၊ ဌာနများအလိုက် ဖွဲ့စည်းထားရှိမှုနှင့် ဝန်ထမ်းများခန့်အပ်ထားရှိမှုအခြေအနေ၊ ဌာနခွဲများအလိုက် ရေယာဉ်များထားရှိမှုနှင့် ရေယာဉ်များထိန်းသိမ်းထားရှိမှု အခြေအနေ၊ သင်္ဘောကျင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေယာဉ်များ လွန်းတင်၍ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ရေယာဉ်များ တည်ဆောက်နိုင်မှု၊ ပြင်ပပုဂ္ဂလိကရေယာဉ်များ ပြုပြင်မှုမှ ဝင်ငွေရရှိမှု၊ နိုင်ငံတစ်ဝန်းရှိ ဌာနခွဲများအလိုက် ရေယာဉ်များပြေးဆွဲနိုင်မှု အခြေအနေများကို လည်းကောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

**ယနေ့ ဖတ်စရာ**

**အခွင့်ကောင်းကို သိမြင်နိုင်ပါစေ**
ဆောင်းပါး စာမျက်နှာ » ၆

**အလင်းရောင်ညစ်ညမ်းခြင်းကြောင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု**
ဆောင်းပါး စာမျက်နှာ » ၂၃

**ငါးသယံဇာတ မပြုန်းတီးရေး ဝိုင်းဝန်းထိန်းသိမ်း**
ဆောင်းပါး စာမျက်နှာ » ၂၅

ကြေးမုံ

# နိုင်ငံ၏မြို့တော်များတွင် အဆင့်မြင့်ပညာများပေးဝေ

နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်ပြီး အစိုးရရုံးများရုံးစိုက်ရာ အထင်ကရမြို့တော်ဖြစ်သည်။ နေပြည်တော်ကို သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပသည့် သဘာဝပတ်ဝန်းကျင် Green and Clean Cities အဖြစ် ရေရှည်တည်ထောင်နိုင်ရေး အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းအပြင် နေပြည်တော်တွင် စိုက်ပျိုးမွေးမြူရေးဇုန်များ ထူထောင်ပြီး စီးပွားရေးကောင်းအောင် ပြုလုပ်လျက်ရှိသည်။

နေပြည်တော်တွင် အုပ်ချုပ်ရေး၊ လူမှုဘဝနေထိုင်မှု သာယာလှပရေး၊ စီးပွားရေးအဆင်ပြေစေရေး အစစအရာရာပြည့်စုံရေး ဖန်တီးပေးနိုင်သော်လည်း အဆင့်မြင့်ပညာပေးဝေနိုင်ရေး လိုအပ်ချက်တစ်ခုရှိနေသေးသည်။ နေပြည်တော်သည် အစိုးရရုံးစိုက်ရာ ပြည်ထောင်စုနယ်မြေဖြစ်၍ နိုင်ငံ့ဝန်ထမ်းသားသမီးများအတွက် ပညာရေးလိုအပ်ချက်ကို ပြည့်စုံအောင်ဖန်တီးပေးရမည်ဖြစ်သည်။ လက်ရှိတွင် နေပြည်တော်၌ အခြေခံပညာကို ပြီးဆုံးအောင်သင်ယူနိုင်ကြပြီး အဆင့်မြင့်ပညာသင်ကြားရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်တို့သာရှိပြီး အခြားဘာသာရပ်တက္ကသိုလ်များမရှိပေ။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဝန်ထမ်းမိသားစုများ၏ မျိုးဆက်သစ်သားသမီးများအား ပညာရေးအဆင့်မြှင့်တင်ရာတွင် အဆင့်မြင့်ပညာရေးအဆောက်အအုံနှင့် သင်ကြားရေးဌာနများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူအသီးသီးနှင့် တိုင်ပင်ဆွေးနွေး၍ Naypyitaw State Academy စီမံကိန်းကို စတင်ဆောင်ရွက်ပေးလိုက်ပြီဖြစ်သည်။ အဆိုပါ Naypyitaw State Academy စီမံကိန်းကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်လာမည့် အသိပညာရှင်၊ အတတ်ပညာရှင် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုတက္ကသိုလ်ကို အကောင်အထည်ဖော်ပေးသည့်နေရာသည် ယခင်က အားကစားတက္ကသိုလ်အဖြစ် စတင်တည်ထောင်ထားသည့်နေရာဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်မဖွင့်လှစ်နိုင်သဖြင့် ယင်းကိုအခြေခံ၍ တက္ကသိုလ်အင်္ဂါရပ်များနှင့်ပြည့်စုံအောင် အဆောက်အအုံများဖြည့်တင်း၍ တည်ဆောက်နေသည်။ အဆိုပါတက္ကသိုလ်သည် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင်တည်ရှိပြီး ယခုနှစ် ဧပြီလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ၂၀၂၄ ခုနှစ် ဧပြီလခန့်တွင်ပြီးစီးမည်ဖြစ်သည်။ လူငယ်လူရွယ်များ ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စာသင်ဆောင်များ၊ စုဝေးခန်းမကြီး၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကိုပါ ပြည့်စုံစွာထည့်သွင်းတည်ဆောက်လျက်ရှိသည်။

ပညာသင်ကြားရေးအတွက် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ရာတွင် နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများ၏သားသမီးများနှင့် နေပြည်တော်ရှစ်မြို့နယ်မှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို အဓိကထားရွေးချယ်ရန်၊ ဘာသာရပ်ဆိုင်ရာအလိုက် ထူးချွန်သူများကိုဦးစားပေးရွေးချယ်ရန်နှင့် ယခုနှစ် ပညာသင်နှစ်မှစတင်၍ တတိယနှစ်နှင့် စတုတ္ထနှစ်နေ့ကျောင်းသားများကို လက်ခံသင်ကြားပေးနိုင်ရေး၊ ထိုမှတစ်ဆင့် ပညာသင်နှစ်အလိုက် ဆင့်ကဲဆင့်ကဲစနစ်ဖြင့် ပထမနှစ်၊ ဒုတိယနှစ်သင်တန်းသားများခေါ်ယူသွားနိုင်ရေး လမ်းညွှန်မှာကြားထားသည်။ ယခုပညာသင်နှစ်တွင် တတိယနှစ်၊ စတုတ္ထနှစ်တို့ကို လက်ခံသင်ကြားပေးမည်ဖြစ်၍ နေအိမ်များမှ ဖယ်ရီကြိုပို့ပေးနိုင်ရေးကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး နောင်တွင် တက္ကသိုလ်ရှိအဆောင်များတွင် နေထိုင်ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

Naypyitaw State Academy (NSA) တွင် ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်များ၊ စီးပွားရေး၊ ဥပဒေ၊ လူမှုရေး၊ အားကစားနှင့်ဆေးပညာဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်သည်။ အဓိကကျသောဘာသာရပ်များကို စနစ်တကျအဆင့်မြင့်မြင့်သင်ကြားပေးခြင်းအားဖြင့် နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ တက္ကသိုလ်တွင် အဆင့်မြင့်ပါရဂူဘွဲ့များ ပေးအပ်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ နေပြည်တော်တက္ကသိုလ်တို့ကို နိုင်ငံ၏ထိပ်တန်းတက္ကသိုလ်များဖြစ်လာအောင်၊ ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များစာရင်းတွင် ပါဝင်လာသည်အထိ မျှော်မှန်းထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်မြို့တော်ဖြစ်သော နေပြည်တော်တွင် လိုအပ်နေသည့် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးလိုက်ပြီဖြစ်သည်။ နိုင်ငံတော်၏ အကောင်းဆုံးတက္ကသိုလ်ဖြစ်လာအောင်၊ ကမ္ဘာ့အဆင့်အတန်းမီသော တက္ကသိုလ်ဖြစ်လာအောင် မျှော်မှန်း၍ နိုင်ငံတော်တည်ဆောက်ရေးတွင်လိုအပ်လာမည့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



နေပြည်တော် ဇူလိုင် ၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ လျှောင်းတော်မူကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝက်ဘာစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အရှေ့လေးထပ်ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ရွှေထီးဆောင်းကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ မေဃဝတီပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဒိုက်ဦးမြို့နယ်၌ မျိုးစေ့ထုတ်စိုက်ခင်းစိုက်ပျိုးခြင်းသရုပ်ပြပွဲကျင်းပ

ဒိုက်ဦး ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ တောင်သူဦးကျော်ဇော၏ လယ်မြေကေ ၂၀ တွင် ဇွန် ၃၀ ရက်က ၂၀၂၂-၂၀၂၃ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း မှော်ဘီ -၂



စပါးမျိုး RS to CS မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးသရုပ်ပြခြင်း အခမ်းအနားကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းထွန်းက မျိုးစေ့ထုတ်စိုက်ခင်းများပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်သူများ၏သိလိုသည်များကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက စပါးမျိုးစေ့ထုတ်စိုက်ခင်း မှော်ဘီ-၂ စပါးမျိုး RS to CS မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးသရုပ်ပြခြင်းအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ကျော်ကျော်(ဒိုက်ဦး)**

## ဒေသဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်

ပေါက်ခေါင်း ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မြို့နယ်ဌာနဆိုင်ရာအဖွဲ့များမှ ဇူလိုင် ၁ ရက်က ရေဦးကျေးရွာသို့ ကွင်းဆင်း၍ နည်းပညာပေးဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးသူမောင်က ဒေသခံကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံများနှင့် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဆည်ရေသောက်ဧရိယာအတွင်း ပါဝင်သည့် လယ်ယာမြေများတွင် သုံးသီးစားစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးမြှင့်မွေးမြူနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် အခြားစိုက်ပျိုးသီးနှံများကိုလည်း ရာသီအလိုက် ပိုမိုစိုက်ပျိုးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူအသီးသီးက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသထုတ်ကုန်များ ထုတ်လုပ်မှုနှင့်ပတ်သက်၍ အသိပညာပေး



ဆွေးနွေးမှုများနှင့်လက်တွေ့သရုပ်ပြပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ တက်ရောက်လာသူများက စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ အပင်ကိုင်းကူး ကိုင်းဆက်စိုက်ပျိုးနည်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နေဗီယာမြက်စိုက်ပျိုးနည်းနှင့် ဒေသကြက်များ ရောဂါကာကွယ်ရေးအတွက် ကြက်မျက်စဉ်းခတ်နည်းစနစ်များကို လက်တွေ့သရုပ်ပြဆောင်ရွက်ပေးခဲ့သည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရှင်းလင်းတင်ပြစဉ်။

❖ ရှေ့ဖုံးမှ

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဌေးအောင်က မြန်မာနိုင်ငံရှိသင်္ဘောကျင်းများအနက် ရှေးအကျဆုံးဖြစ်သည့် ဒလသင်္ဘောကျင်း၏ သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက်သင်္ဘောများပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှု၊ ဒလသင်္ဘောကျင်းမှ တာဝန်ယူဆောင်ရွက်ထားသည့် လုပ်ငန်းတာဝန်များ၊ ဌာနများဖွဲ့စည်းထားရှိမှုနှင့် ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ လွန်းကျင်းများအလိုက် သင်္ဘောများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ရေယာဉ်များ အသစ်တည်ဆောက်ခဲ့မှုနှင့် လာမည့်ဘဏ္ဍာနှစ်များတွင် ရေယာဉ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေ၊ ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ငွေကုန်ကြေးကျမှုအသက်သာဆုံး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အတွက် ပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းပို့ဆောင်ရေးသည် ငွေကုန်ကြေးကျမှု အသက်သာဆုံးနှင့် ကုန်စည်များစွာကို အမြန်ဆုံး ရွှေ့ပြောင်းပေးနိုင်သည့် ပို့ဆောင်ရေးလမ်းကြောင်းတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ မြစ်ချောင်းများ များစွာသွယ်တန်းလျက်ရှိနေသည့်အတွက် သွားလာမှုနှင့် ပို့ဆောင်ရေးပိုင်းတွင် ရေကြောင်းပို့ဆောင်ရေးသည် အကောင်းဆုံးလမ်းကြောင်းအဖြစ် ရှိသော်လည်း စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ကြောင်း၊ ထို့ကြောင့် ရေကြောင်းပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရမှ ဆောင်ရွက်ရန်လိုသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများကိုလည်း အားပေးရန်လိုကြောင်း၊ ရေလမ်းကြောင်းများ ကောင်းမွန်ရန်၊ ဆိပ်ကမ်းများကောင်းမွန်ရန်နှင့် သင်္ဘောများ ကောင်းမွန်ရန်လိုကြောင်း၊ ဆိပ်ကမ်းများတွင် ခရီးသည်များ ခေတ္တနားနေရန်၊ ကုန်စည်များ ပို့ဆောင်ရေးအတွက် လိုအပ်သည့် ယာဉ်ရပ်နားရန်နေရာများနှင့် ကုန်ပစ္စည်းများထားရှိနိုင်သည့် နေရာများလည်း လိုအပ်ကြောင်း၊ ပြည်သူများမှ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများအပေါ် ယုံကြည်မှုများရှိလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်သက်သာသည့် ရေကြောင်းပို့ဆောင်ရေးစနစ်ကို ကောင်းမွန်တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည် ဖြစ်ကြောင်း၊ အရေးမကြီးသည့် ကုန်ကြမ်းပစ္စည်းများကို ရေလမ်းကြောင်းများမှ ပို့ဆောင်နိုင်ရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒလသင်္ဘောကျင်း ပုံစံငယ်အား ကြည့်ရှုစဉ်။

☆ မိမိတို့နိုင်ငံ၌ မြစ်ချောင်းများ များစွာသွယ်တန်းလျက်ရှိနေသည့်အတွက် သွားလာမှုနှင့် ပို့ဆောင်ရေးပိုင်းတွင် ရေကြောင်းပို့ဆောင်ရေးသည် အကောင်းဆုံးလမ်းကြောင်းအဖြစ် ရှိသော်လည်း စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့

☆ ရေကြောင်းပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရမှ ဆောင်ရွက်ရန်လိုသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများကိုလည်း အားပေး

### စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်စေရေး အမြဲမပြတ်ဆောင်ရွက်နေရန်

ပြည်တွင်း ပို့ဆောင်ရေးလုပ်ငန်းများသည် ယခင်က အောင်မြင်မှုရှိခဲ့သော်လည်း ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများနှင့် မှောင်ခိုလုပ်ငန်းများ ဆောင်ရွက်မှုများကြောင့် နိုင်ငံပိုင်ပို့ဆောင်ရေးလုပ်ငန်းကို များစွာထိခိုက်စေခဲ့ကြောင်း၊ သက်တမ်းကြာသည့် ယန္တရားများ၊ သင်္ဘောများကို ပြုပြင်ထိန်းသိမ်းနိုင်မှု အားနည်းခြင်းများကြောင့် နိုင်ငံပိုင် ပြည်တွင်းပို့ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သဖြင့် သက်တမ်းအလိုက်၊ နှစ်အလိုက် ပြုပြင်ထိန်းသိမ်းမွမ်းမံရမည်များကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ အောင်မြင်တိုးတက်မှုရှိစေရေးအတွက် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို မှန်မှန်ကန်ကန်ဖြင့် တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများအလိုက် ချီးမြှင့်ထိုက်သူကို ဆုချီးမြှင့်ရန်လိုအပ်သကဲ့သို့ လုပ်ငန်းအားနည်းချက်ရှိသူများကိုလည်း အားနည်းချက်များအလိုက် အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများအလိုက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ လုပ်ငန်းများအတွက် လိုအပ်သည့် စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်စေရေး အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ရေကြောင်းပို့ဆောင်ရေးတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဦးဆောင်သည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် ရပ်တည်နိုင်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း ပုဂ္ဂလိကရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရေကြောင်းပို့ဆောင်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ မော်တော်ယာဉ်များဖြင့် ကုန်ပစ္စည်းများကိုတင်ဆောင်၍ ၎င်းမှတစ်ဆင့် ရေကြောင်းပို့ဆောင်ရေးကို အသုံးပြု၍ ဆောင်ရွက်သည့် ကမ်းရိုးတန်းပို့ဆောင်ရေးစနစ်ကိုလည်း အကျိုးရှိစွာ အသုံးချရန်လိုအပ်ကြောင်း၊ မြစ်ဝကျွန်းပေါ်၊ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင် စသည့် မြစ်ကြီးများကို ရေကြောင်းပို့ဆောင်ရေးတွင် အကျိုးရှိအောင် အသုံးချရန်လိုကြောင်း။

ဒလသင်္ဘောကျင်းသည် သမိုင်းရှိသည့် သင်္ဘောကျင်းတစ်ခုဖြစ်သည့်အတွက် သင်္ဘောကျင်းအတွက် လိုအပ်သည့် အင်ဂျင်နီယာများ ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း၊ သင်္ဘောများကို ခေတ်နှင့်လျော်ညီစွာ တည်ဆောက်နိုင်ရန်လိုကြောင်း၊ သင်္ဘောတည်ဆောက်ရေးနှင့်ပတ်သက်၍ မိတ်ဖက်သင်္ဘောကျင်းများတွင်လည်း လေ့လာဆောင်ရွက်၍ရကြောင်း၊ သင်္ဘောကျင်းအဆင့်မြှင့်တင်ရေးအတွက် ခေတ်မီတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ နှစ်ပေါင်း ၁၅၀ ခန့် သက်တမ်းရှိ သမိုင်းဝင်သင်္ဘောကျင်းတစ်ခုဖြစ်သဖြင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများကို များစွာအတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့နိုင်ငံ၏သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ဦးဆောင်မှုပြုနိုင်ရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ရေကြောင်းပို့ဆောင်ရေးကို ယုံကြည်စွာဖြင့် အသုံးပြုလာမည်ဆိုပါက တစ်နိုင်ငံလုံး ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်လာနိုင်မည် ဖြစ်သဖြင့် တစ်နိုင်ငံလုံးဆောင်ရွက်နိုင်သည့် စီးပွားရေးစနစ်တစ်ခုဖြစ်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပို့ဆောင်ရေးကဏ္ဍမှ ဦးဆောင်၍ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒလသင်္ဘောကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်၊ သင်္ဘောတည်ဆောက်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းများ ပြန်လည်ဖြည့်တင်း ဆောင်ရွက်ရန်၊ စက်ယန္တရားများ အပြည့်အဝ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်တို့အား မှာကြားပြီး လက်ဆောင်ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အောင်ဆန်းအားကစားပြိုင်ဝင်းကြီးသည် မြန်မာ့အားကစား အောင်မြင်မှုစတင်ခဲ့သည့် နေရာတစ်ခုလည်းဖြစ် ရှိပြီးအစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသောင်းဟန်၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ဆန်းအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

**ရှင်းလင်းတင်ပြ**

ဦးစွာ အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်နှင့် တာဝန်ရှိသူများက အားကစားဝင်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းအကျဉ်း၊ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ အားကစားကွင်း အဆင့်မြှင့်တင်ရေးအတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အားကစားကွင်းအဆင့်မြှင့်တင်ရာတွင် အားကစားပရိသတ်များ အားကစားကွင်းအတွင်း ဝင်၊ ထွက်သွားလာမှု အဆင်ပြေစေရန်အတွက် Under Pass နှင့် Over Pass များ လျာထားဆောင်ရွက်ထားရှိမှု၊ ပရိသတ် ၃၀၀၀ ဆံ့ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရန် လျာထားမှုအခြေအနေ၊ လျာထားအားကစားဝင်း ပုံစံများကို Powerpoint Presentation များ၊ အထူးပြုလုပ်ချက် Video Clip များဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်ဆန်းအားကစားပြိုင်ဝင်းကြီးသည် အမည်အရသော်လည်းကောင်း၊ အစဉ်အလာအရသော်လည်းကောင်း၊ သက်တမ်းအားဖြင့်သော်လည်းကောင်း သမိုင်းရှိသည့် အားကစားကွင်းကြီးဖြစ်သကဲ့သို့ မြန်မာ့အားကစား အောင်မြင်မှု စတင်ခဲ့သည့် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးအစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ဆောင်ရွက်၍ နောင်တွင် အိုလံပစ်အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည်အထိ ရည်ရွယ်တည်ဆောက်ရန်လိုကြောင်း၊ အဓိက အားကစားကွင်းကြီးအတွင်း အားကစားနည်းရှစ်မျိုးကို နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်ကျင်းပပေးနိုင်ရေး စနစ်တကျ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယာဉ်ရပ်နားရန်နေရာများနှင့် Public Area များ စနစ်တကျ ဖော်ဆောင်ပေးနိုင်ရန်လည်း တွက်ချက်စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မှုများမရှိစေရေးနှင့် ရေရှည်တည်တံ့မှုရှိစေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသည့် ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့ ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**အားကစားကွင်းပုံစံငယ် ပြုလုပ်ထားရှိမှုကို ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အားကစားကွင်း ပုံစံငယ်ပြုလုပ်ထားရှိမှုကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ဆန်းအားကစားဝင်းအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ မိုးလုံလေလုံအားကစားရုံကို ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၅ သို့ ✳**

- ☆ **အဓိကအားကစားကွင်းကြီးအတွင်း အားကစားနည်းရှစ်မျိုးကို နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်ကျင်းပပေးနိုင်ရေး စနစ်တကျ ထည့်သွင်းတည်ဆောက်ရမည်**
- ☆ **ယာဉ်ရပ်နားရန်နေရာများနှင့် Public Area များ စနစ်တကျ ဖော်ဆောင်ပေးနိုင်ရန်လည်း တွက်ချက်စဉ်းစား ဆောင်ရွက်ရန်လို**
- ☆ **တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မှုများမရှိစေရေးနှင့် ရေရှည်တည်တံ့မှုရှိစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့ ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ရန်ကုန်(ဓနိတော)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ရန်ကုန်(ဓနိတော)သို့ သွားရောက်စစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် တာဝန်ရှိသူတို့က ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ရန်ကုန်(ဓနိတော)၏ သမိုင်းအကျဉ်း၊ သိုလှောင်နိုင်မှုအခြေအနေ၊ ရာသီဥတုကြောင့် ဓနိတောဆိပ်ခံတံတား ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိုလှောင်ကန်များနှင့် ဆိပ်ခံဖောတံတား ငှားရမ်းသုံးစွဲခဲ့မှုအခြေအနေ၊ မြန်မာ့မီးရထားမှ ဒီဇယ်ဆီဝယ်ယူရရှိမှုအခြေအနေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိပ်ကမ်းနယ်မြေဖြစ်၍ စနစ်တကျရှိစေရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီသိုလှောင်ကန်များနှင့် ဆိပ်ခံတံတားတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

* စာမျက်နှာ ၄ မှ

အဆိုပါ အောင်ဆန်းအားကစားဝင်းအား ၁၉၀၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မူလအမည်မှာ BAA (Burma Athletic Association Ground) ဖြစ်ကြောင်း၊ လူစည်ကားသော ပြည်တွင်းအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာဆိုင်ရာ အားကစားပြိုင်ပွဲများအပြင် အထူးတလည် အမှတ်တရဖြစ်စေသော ပြပွဲဖြစ်သည့် ရေခဲပေါ်မှ အားလပ်ရက်နေ့ (Holiday on Ice)ခေါ် ရေခဲပြင်ပြပွဲကြီး ကျင်းပခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် မူလအမည် BAA (Burma Athletic Association Ground)အမည်မှ အောင်ဆန်းအားကစား ပြိုင်ဝင်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းအစဉ်အလာရှိသည့် အားကစားကွင်းကြီးဖြစ်သည့်အတွက် ယခင်ကကဲ့သို့ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများကို အဆင့်အတန်းမီစွာဖြင့် လက်ခံကျင်းပနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ အားကစားပြိုင်ကွင်းကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက အဓိကအားကစားကွင်းကြီးတွင် ပရိသတ်ဦးရေ ၃၀၀၀၀ ကျော်ခန့်အထိနှင့် မိုးလုံလေလုံ အားကစားရုံမှာလည်း ပရိသတ် ၃၀၀၀ ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်ဆန်းအားကစားကွင်း ပုံစံငယ်ကို ကြည့်ရှုစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိ



နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံက ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် အထူးလေယာဉ်ဖြင့် ညောင်ဦးလေဆိပ်သို့ ရောက်ရှိလာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

## တာဝန်ယူဆောင်ရွက်သွားမည်

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi နှင့်အတူ (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အခွင့်ကောင်းကို သိမြင်နိုင်ပါစေ

မင်းခေါင်

မြန်မာ့နိုင်ငံရေးအပြောင်းအလဲတစ်စုံတစ်ခု ကြုံတိုင်း ကျောင်းသား၊ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများသည် ရိုက်ခတ်မှုများနှင့် ဦးစွာကြုံတွေ့ရလေ့ရှိသည်။ မရိုက်ခတ်လျှင်လည်း ရိုက်ခတ်လာအောင် နိုင်ငံရေးသမားဟုဆိုသူများက ဆော်သြကြသည်။ မခံချင်အောင် သွေးထိုးလှုံ့ဆော်တတ်ကြသည်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင်လည်း မူလက ဒီမိုကရေစီရရှိရေးအတွက် ရိုးသားစွာ ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့ကြသော ကျောင်းသား၊ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းအချို့သည် တပ်မတော်က နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူလိုက်သည့်အချိန်တွင် ဖမ်းဆီးခံရတော့မည်ဟူသော စိုးရိမ်ပူပန်မှုတို့ဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

အချို့ကလည်း “အရေးအခင်းတွင်ပါဝင်သော ကျောင်းသားများနှင့် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များကို ရပ်ကွက်အတွင်း လိုက်လံဖမ်းဆီးနေသည်” ဟူသော ကောလာဟလသတင်းများကြောင့် အထိတ်တလန့်ဖြစ်ကာ ပြည်တွင်း၌ပုန်းအောင်းနေသူများရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ သွားရောက်ခိုလှုံသူများလည်းရှိခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း ပြည်ပအထောက်အပံ့များအပြင် လူသစ်စုဆောင်းမှု အစီအမံမလုပ်လိုက်ရဘဲ တပ်သားသစ်များအဖြစ်အလိုအလျောက်ရောက်လာကြသည်ဆိုတော့ ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည်။ သို့ဖြစ်၍ ထိုစဉ်က ထိုင်းမြန်မာနယ်စပ်ရှိ ရှမ်း၊ ကရင်နီ၊ ပအိုဝ်း၊ ကေအင်န်ယူနှင့် မွန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့ ကျောင်းသား ကျောင်းသူ ၄၂၀၃ ဦး ရောက်ရှိသွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့ ၂၀ ခန့်၊ အိန္ဒိယ-မြန်မာနယ်စပ်သို့ ၂၂၂ ဦးရောက်ရှိသွားခဲ့သည်။ အချို့မှာ ပြည်တွင်းမှာပင် ခိုအောင်းနေခဲ့ကြရာ စုစုပေါင်း ၅၀၀၀ ခန့်ရှိကြောင်း ထိုစဉ်က သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေက “စစ်မှန်သော ဒီမိုကရေစီအခွင့်အရေးရရှိရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ပြီးနောက် စိုးရိမ်စိတ်ဖြင့် မြို့ပေါ်တွင် ရှောင်တိမ်းပုန်းအောင်းနေသည့် ကျောင်းသား ကျောင်းသူများရှိနေကြောင်းနှင့် အချို့မှာ သောင်းကျန်းသူအဖွဲ့အစည်းများထံ သွားရောက်ခိုလှုံရန် ကြံစည်လျက်ရှိနေကြောင်း သိရပါသည်။ တပ်မတော်အနေဖြင့် ရာဇဝတ်မှုကျူးလွန်ခဲ့သည့် ပုဂ္ဂိုလ်များမှအပ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော သားငယ်သမီးငယ်အရွယ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများအပေါ်တွင် မည်သည့်အာဃာတတရားမျှမထားသည့်အပြင် အတိဒုက္ခရောက်စေလိုသောဆန္ဒ လုံးဝမရှိပါကြောင်း ကြေညာအပ်ပါသည်” စသည်ဖြင့် တပ်မတော်၏ သဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီးနောက် အောက်တိုဘာလ ၁၇ ရက်နေ့မှစတင်၍ နယ်စပ်ဒေသတွင် တပ်မတော်က ကြိုဆိုရေးစခန်းပေါင်း ၂၇ ခု ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား ကြိုဆိုခဲ့ပါသည်။

တပ်မတော်၏သဘောထားကို အချိန်မီသိရှိနိုင်ရန်အတွက်လည်း ကျောင်းသား ကျောင်းသူများရှိနေသည်ဟု သတင်းရရှိသော စခန်းများအနီးတစ်ဝိုက်သို့ တပ်မတော်၏ သဘောထားနှင့်ကြိုဆိုရေးစခန်းများတွင် ကြိုဆိုလက်ခံမည့်အစီအစဉ်ပါရှိသော စာရွက်များကို လေယာဉ်ပျံများဖြင့် ကြဲချပေးခဲ့ပါသည်။

ထို့နောက် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်တွင် ကျောင်းသားများ ယာယီလက်ခံရေးစခန်းဖွင့်လှစ်၍ ထိုစခန်းမှတစ်ဆင့် ကျောင်းသားမိဘများထံ ပြန်လည်အပ်နှံပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံတွင် ထိုင်းတပ်မတော်နှင့်ကြက်ခြေနီတပ်ဖွဲ့တို့က ပူးပေါင်းဖွင့်လှစ်ထားသည့် တပ်ခ်(Tak) ခရိုင်စခန်းသို့ တပ်မတော်အထူးလေယာဉ်ဖြင့် သွားရောက်ခေါ်ယူရန်စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

> **တပ်မတော်၏ကြိုဆိုလက်ခံရေးစခန်းများမှတစ်ဆင့် အနယ်နယ်အရပ်ရပ်ရှိ မိဘရပ်ထံ ပြန်လည်ရောက်ရှိလာကြသော ကျောင်းသား ကျောင်းသူ လူငယ်များအား ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက လေဆိပ်တွင် အိုးစည်ဗုံမောင်းများဖြင့် ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည့်ပုံရိပ်များ၊ မိဘဆွေမျိုးများနှင့် မသေကောင်းမပျောက်ကောင်း ပြန်လည်ဆုံတွေ့ခွင့်ရခဲ့ကြသဖြင့် ဝမ်းနည်းဝမ်းသာပုံရိပ်များ၊ အမိရင်ခွင်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသူများ၏ ရင်တွင်းဖြစ်စကားသံများ၊ မိဘဆွေမျိုးများ၏ ပီတိစကားသံများကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာ၊ ၁၉၈၉ ခုနှစ် ဇန်နဝါရီလထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတို့တွင် ခေတ်တစ်ခေတ်၏ သမိုင်းပုံရိပ်များကို သမိုင်းသင်ခန်းစာများအဖြစ် တွေ့မြင်နိုင်သည်**

“သား ပြန်လာမယ်ဆိုတာသိရတော့ ဝမ်းသာလိုက်တာ ပြောကိုမပြနိုင်ပါဘူး၊ ကျွန်မတို့က သားပျောက်သွားကတည်းက ဘာသတင်းမှမကြားရတော့ သေပြီလား၊ ဘယ်ရောက်နေသလဲ၊ သူပုန်ပဲဖြစ်သွားသလားဆိုပြီး ဖြစ်နေရတယ်။ နောက်ကျတော့ သတင်းစာတွေထဲမှာ ကျောင်းသားတွေပြန်လာဖို့ အစိုးရကစီစဉ်မှုတွေပြုနေတယ်ဆိုတော့ သားလေးပြန်လာမယ့်အထဲ ပါပါစေ၊ ဘေးမသီရန်မခပါစေနဲ့လို့ ဆုတောင်းနေရတာပေါ့၊ အခုတော့ ကျွန်မသားလေး မသေမပျောက်ပြန်တွေ့ရမယ်ဆိုတော့ ဝမ်းသာတာမှရှင် ပြောကိုမပြောနိုင်ပါဘူး”

> **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေး ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ပြီး ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်**

ကျောင်းသားများ ပြန်လည်ခေါ်ယူရေးနှင့် ပတ်သက်၍ အနောက်နိုင်ငံများက နိုင်ငံရေးသဘောအရ မလိုလားကြသဖြင့် လူသားချင်းစာနာမှုအနေဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်သည်။

ထို့နောက် ထိုင်းနိုင်ငံနယ်စပ်အသီးသီးသို့ ရောက်ရှိနေကြသူ ၃၆၉ ဦးကို မင်္ဂလာဒုံလက်ခံရေးစခန်းသို့ တပ်မတော်လေယာဉ်ဖြင့် ၁၃ ခေါက် ခေါ်ယူခဲ့မှုအပါအဝင် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၈၃၅ ဦး ပြန်လည်ခေါ်ယူခဲ့သည်။ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် ကြိုဆိုလက်ခံရေးစခန်းများသို့ ကျောင်းသား ကျောင်းသူ ၃၃၂၀ ဦး ပြန်လည်ရောက်ရှိလာခဲ့ကြရာ တပ်မတော်က ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်းများပြုလုပ်ပေးပြီးနောက် မိဘများထံ ပို့ဆောင်အပ်နှံပေးခဲ့ကြရသည်။

“သားရယ် အမေဖြင့် ငါ့သားကိုသေပြီလို့ထင်နေတာသားရယ်၊ အခု ပြန်တွေ့ရတော့ အမေ့ရင်ထဲ ဘယ်လိုဖြစ်နေတယ်ဆိုတာ သားကိုပြောမပြတတ်ဘူး သားရယ်”

“သားက မိတ်ဆွေနဲ့ထားဝယ်ဘက်ကို အလုပ်သွားလုပ်မယ်လို့ ကျွန်မကိုပြောတယ်၊ လက်ရှိကျောင်းလည်းမနေတော့ သားကိုခွင့်ပြုလိုက်မိတယ်။ အဲဒါ အောက်တိုဘာလလောက်ကဖြစ်မယ်၊ အဲဒီနောက်မှာ ပျောက်ချင်းမလှ ပျောက်သွားတာပါပဲ။ အခု သားရောက်လာမယ်လို့ လူကြီးတစ်ယောက်လာပြောတော့ အံ့သြသွားတယ်၊ သားကိုလွမ်းလို့ မအိပ်နိုင်၊ မစားနိုင်ဖြစ်နေတာ သားကို ခုတွေ့ရတော့ ကျွန်မစိတ်မထိန်းနိုင်ဘဲ ငိုမိတော့တာပါပဲရှင်”

“ကျွန်တော်တို့က လက်လုပ်လက်စားလက်သမားပါ။ ကျွန်တော့်သားက အဋ္ဌမတန်းမှာ ပညာသင်နေတုန်းပျောက်သွားတာ၊ နောက်မှ တောထဲရောက်နေတယ်လို့ သတင်းကြားရတယ်၊ ကြားရတဲ့သတင်းတွေကလည်း မကောင်းတော့ သေပြီလို့မှတ်ထားတာ၊ အခုတော့ မသေဘူး၊ ပြန်တွေ့ရတော့မယ်ဆိုတော့ဗျာ ဝမ်းသာတာပေါ့”

“ကျွန်တော့်ကို ဖေဖေလိုက်ရှာရင်း ကားမှောက်သေသွားတယ်လို့သိရတယ်။ အခုတော့ ကျွန်တော်နောင်တရနေပါပြီ၊ ဖေဖေ့ကို တသသဖြစ်နေရတော့ မှာပါဗျာ”

စသည်ဖြင့် တပ်မတော်၏ကြိုဆိုလက်ခံရေးစခန်းများမှတစ်ဆင့် အနယ်နယ်အရပ်ရပ်ရှိ မိဘရပ်ထံ ပြန်လည်ရောက်ရှိလာကြသော ကျောင်းသား ကျောင်းသူ လူငယ်များအား ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက လေဆိပ်တွင် အိုးစည်ဗုံမောင်းများဖြင့် ဝမ်းပန်းတသာကြိုဆိုခဲ့ကြသည့် ပုံရိပ်များ၊ မိဘဆွေမျိုးများနှင့် မသေကောင်း မပျောက်ကောင်း ပြန်လည်ဆုံတွေ့ခွင့်ရခဲ့ကြသဖြင့် ဝမ်းနည်းဝမ်းသာပုံရိပ်များ၊ အမိရင်ခွင်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသူများ၏ ရင်တွင်းဖြစ်စကားသံများ၊ မိဘဆွေမျိုးများ၏ ပီတိစကားသံများကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာ၊ ၁၉၈၉ ခုနှစ် ဇန်နဝါရီလထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတို့တွင် ခေတ်တစ်ခေတ်၏ သမိုင်းပုံရိပ်များကို သမိုင်းသင်ခန်းစာများအဖြစ် တွေ့မြင်နိုင်သည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင်လည်း ကျောင်းသား၊ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများကြားတွင် ကြီးစွာသော ရိုက်ခတ်မှုများ၊ လှုပ်ခတ်မှုများ ထပ်မံကြုံတွေ့ခဲ့ကြရပြန်ပါသည်။ အချို့က ဆွဲဆောင်စည်းရုံးမှုကြောင့်၊ အချို့ကား သွေးထိုးလှုံ့ဆော်မှုတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများနှင့် ပြည်တွင်း ပြည်ပဒေသအချို့သို့ ရောက်ရှိသွားခဲ့ကြပြန်သည်။

သို့ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ပြီး ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

ယခုတစ်ဖန် နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးကြေညာချက်

စာမျက်နှာ ၇ သို့ ❍

> **လောကတွင် “အခွင့်ကောင်းဆိုတာ နှစ်ခါမလာဘူး၊ တစ်ခါပဲလာတယ်”ဟု သုံးသပ်ဆင်ခြင်ပြီး အခွင့်ကောင်းကို ပိုင်ပိုင်နိုင်နိုင် အသုံးချ၍ ဘဝခရီးတွင်ကြီးပွားတိုးတက်အောင်စွမ်းဆောင်နိုင်သူများရှိသကဲ့သို့ အခွင့်ကောင်းတစ်ရပ်နှင့် ကြုံကြိုက်သော်လည်း အခွင့်ကြုံမှန်းမသိကြဘဲ အခွင့်ကောင်းကို အသုံးမချနိုင်ခဲ့၍ ဘဝတစ်ခုကိုလက်လွှတ်ဆုံးရှုံးခဲ့ကြရသူများလည်းရှိကြသည်**

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

မိုးရာသီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အခွန်အယူခံခုံအဖွဲ့ရုံး၌ ကျင်းပသည်။

**တက်ရောက်**

သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အခွန်အယူခံခုံအဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဝန်ထမ်းများက နှစ်ရှည်ပင်၊ အရိပ်ရပင်၊ အလှပန်းပင်နှင့် ပျိုးပင် စုစုပေါင်း ၂၄၀ တို့ကို စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို အမှတ်တရလက်ဆောင်အဖြစ် Indoor Plant များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ရုံးအမှတ်(၅၅)၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့်ဇနီး ဒေါ်ခင်သွယ်သွယ်မြင့်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများက သပြေအေးမိုးကုတ်ဝိပဿနာ ရိပ်သာ ပဓာနနာယကဆရာတော် ဦးဂန္ဓမာလာထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြပြီး အမှတ်တရအစီအစဉ်အဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲများရှိ ဝန်ထမ်းများကို ကံစမ်းမဲနှိုက်ပြီး ဆုများပေးအပ်သည်။





**ညစာစားပွဲနှင့် ဆုပေးပွဲ**

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ညစာစားပွဲနှင့် ဆုပေးပွဲကို ညနေ ၆ နာရီတွင် ဆက်လက်ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ ဦးလှထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် ဦးကြည်အေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ(ငြိမ်း)တို့က ဩဝါဒအမှာစကားများ ပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ဝန်ထမ်းများအတွက် နှစ်ပတ်လည်နေ့ အမှတ်တရလက်ဆောင်ငွေ ချီးမြှင့်ရာ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်က လည်းကောင်း၊ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ငွေအား ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမင်းက လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဒသမတန်းတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဦးသာမိုးနှင့် ဒေါ်မေလပြည့်နှင်းတို့၏ သမီး မမိုးပြည့်သစ္စာနိုင်၊ ဦးသာထူးဝင်းနှင့် ဒေါ်အိအိကျော်တို့၏ သမီး မညိုလဲ့နဒီ တို့ကိုလည်းကောင်း၊ သုတေသနစာတမ်းဖတ်ပွဲတွင် ပထမဆုရရှိသည့် စာတမ်းရှင်များဖြစ်ကြသည့် ဦးစိုးမင်းထွဏ်း၊ ဒေါက်တာသန်းသန်းစိုးနှင့် ဒေါ်နှင်းထက်ထက်ဝင်း၊ ဒုတိယဆုရရှိသည့် ဒေါ်လေးလေးအောင်တို့ကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်သွယ်သွယ်မြင့်က ဗဟိုဘဏ်ဝတ်အသင်းများဖြစ်ကြသည့် နေပြည်တော်ဝတ်အသင်းနှင့် ရန်ကုန်ဘဏ်ခွဲဝတ်အသင်း၊ ဒသမတန်းတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဒေါက်တာဝင်းထိုက်နှင့် ဒေါ်နွယ်နီထွန်းတို့၏ သမီး မသီရိထိုက် ကိုလည်းကောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆုရကျောင်းသူ ကျောင်းသားများ၊ အားကစားသမားများကို ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ညစာစားပွဲအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာထမ်းအမှုထမ်းများက အကအလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၆ မှ

ထုတ်ပြန်ခဲ့ပါသည်။ ကြေညာချက် အပြည့်အစုံကိုလည်း နိုင်ငံပိုင်မီဒီယာများတွင် ဆက်တိုက်ဖော်ပြပေးလျက်ရှိသည်။

ပုထုဇဉ်လူသားတိုင်းလိုလို အမှားမကင်းနိုင်ကြပါ။ သို့သော် အမှားကိုမြင်ပြီး မှားမှန်းသိလျှင် ပြင်နိုင်ကြရပေမည်။ လမ်းကြောင်းမှန်ကို လျှောက်လှမ်းဖို့ဆိုလျှင် အခွင့်ကောင်းကို ရအောင်ယူတတ်ဖို့လိုသည်။ အခွင့်ကောင်းကို ရအောင်ယူပြီး ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်စေရန် မြန်မာစကားပုံများတွင် "လသာတုန်း ဗိုင်းငင်"၊ "မိုးရွာတုန်း ရေခံ"၊ "နေပူတုန်း စပါးလှန်း"ဟူ၍ ဖော်ပြထားသည်။

လောကတွင် "အခွင့်ကောင်းဆိုတာ နှစ်ခါမလာဘူး၊ တစ်ခါပဲလာတယ်"ဟု သုံးသပ်ဆင်ခြင်ပြီး အခွင့်ကောင်းကို ပိုင်ပိုင်နိုင်နိုင် အသုံးချ၍ ဘဝခရီးတွင် ကြီးပွားတိုးတက်အောင် စွမ်းဆောင်နိုင်သူများရှိသကဲ့သို့ အခွင့်ကောင်းတစ်ရပ်နှင့်ကြုံကြိုက်သော်လည်း အခွင့်ကြုံမှန်းမသိကြဘဲ အခွင့်ကောင်းကို အသုံးမချနိုင်ခဲ့၍ ဘဝတစ်ခုကို လက်လွှတ်ဆုံးရှုံးခဲ့ကြရသူများလည်း ရှိကြသည်။

စင်စစ်အားဖြင့်မူ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ လုပ်သင့်တာနှင့် မလုပ်သင့်တာ၊ အခွင့်ကောင်းကြုံကြိုက်ခြင်း၊ မကြုံကြိုက်ခြင်း၊ အခွင့်ကောင်းကြုံလျှင် ဘာလုပ်သင့်သည်ဆိုသည်များကို ပညာဖြင့်သာခွဲခြားသိမြင်နိုင်သည်။

သို့ဖြစ်၍ နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူငယ်လူရွယ်များသည် နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အတိတ်က သမိုင်းသင်ခန်းစာများကို ပညာဉာဏ်ဖြင့်ဆင်ခြင်၍ အခွင့်ကောင်းကို လက်မလွှတ်တမ်း အသုံးချနိုင်စေရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။




**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# နှစ် (၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနား ကျင်းပ

## သမဝါယမဦးစီးဌာနက လူမှုစီးပွားအတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ပြီး ယနေ့ထိ သမဝါယမအသင်းပေါင်း ၃၉၃၉၉ သင်းဖွဲ့စည်း




နေပြည်တော် ဇူလိုင် ၂

နှစ် (၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများ၊ သမဝါယမအသင်းသားများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကမ္ဘာတစ်ဝန်းကျင်းပ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance–ICA) ကို ၁၈၉၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၂၃ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်ပွဲများ ကျင်းပလာခဲ့သည်မှာ နှစ် (၁၀၀) တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်မှာ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ သမဝါယမများအကြောင်း အသိပညာပေးမှုကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် နိုင်ငံတကာ စည်းလုံးညီညွတ်ရေး ရည်မှန်းလုပ်ရှားဆောင်ရွက်မှု၊ အချိန်တိုအတွင်း စီးပွားရေးအကျိုးဖြစ်ထွန်းမှု၊ တန်းတူညီမျှမှုနှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာဝပြောမှုများကို အားပေးမြှင့်တင်ရန် ရည်ရွယ်ပြီး ကမ္ဘာတစ်ဝန်းကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းကျော်၊ တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေ သန်း ၂၈၀ ကျော်ကို ကမ္ဘာ့သမဝါယမအသင်းများက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ သမဝါယမများသည် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ အလုပ်အကိုင်ကောင်းများ ဖော်ဆောင်ပေးခြင်း၊ အစားအစာဘေးကင်းလုံခြုံရေးနှင့်ဖူလုံစေရေးအတွက် အကူအညီ အထောက်အပံ့ပေးခြင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများအတွင်း ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးခြင်း၊ လူ့ကျင့်ဝတ် စံတန်ဖိုးများကို ပျိုးထောင်ပေးခြင်း၊ အများပြည်သူများ၏ ရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ဘေးကင်းလုံခြုံမှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် စစ်မှန်သည့် ငြိမ်းချမ်းမှုကို အထောက်အကူပြုနိုင်ခြင်း စသည်တို့ကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမဦးစီးဌာနသည် ပြည်သူတို့၏ လူမှုစီးပွားအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ Action Plan(၈)ရပ် ချမှတ်ပြီး ယနေ့ထိ သမဝါယမအသင်းပေါင်း ၃၉၃၉၉ သင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် အမှန်တကယ် အလုပ်လုပ်လိုသူများ၊ လုပ်ငန်းတူရာအလိုက် စိတ်ဝင်စားသူများကို စည်းရုံးဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးဌာနအချင်းချင်း သော်လည်းကောင်း၊ သမဝါယမဦးစီးဌာနနှင့် အသင်းများအချင်းချင်း သော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းကာ လုပ်ငန်းများ အောင်မြင်မှုရှိစေရန် သမဝါယမအခြေခံမူများ၊ ကျင့်ဝတ်နှင့် အနှစ်သာရများကို လိုက်နာကျင့်သုံးဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် "Co-operatives Build a Better World" (ကမ္ဘာ့လောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး) ဆိုသည့်အတိုင်း နိုင်ငံတကာ သမဝါယမများက မျှဝေခံစားတတ်သည့် လူ့ကျင့်ဝတ်ဂုဏ်သိက္ခာ စံတန်ဖိုးများအပေါ် အခြေတည်ထားသည့် အခြေခံမူများအတိုင်း လိုက်နာကျင့်သုံး ကြိုးစားအားထုတ် လုပ်ကိုင်နေချိန်တွင် မြန်မာ့သမဝါယမများကလည်း သမဝါယမပုံရိပ်ကိုပြန်လည်မြှင့်တင်ပေးရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်ဖြူက ဗဟိုသမဝါယမအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှ ပေးပို့သောသဝဏ်လွှာကို ဗဟိုသမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာတိုးနန္ဒာတင်က ဖတ်ကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဂုဏ်ပြုမှတ်တမ်းတင် Video Clip ကို ပြသသည်။ ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဧည့်ပရိသတ်အပေါင်းတို့က အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ် ဥယျာဉ်ခြံသီးနှံမျိုးပွားခင်း စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ နန်းကွေ့ စိုက်ပျိုးရေးခြံတွင် ကျင်းပသည့် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ် ဥယျာဉ်ခြံသီးနှံမျိုးပွားခင်း စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက နန်းကွေ့ စိုက်ပျိုးရေးခြံတွင် စိုက်ပျိုးထားသည့် နှစ်ရှည်သီးပင် မျိုးပွားစိုက်ခင်းများ စိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ သတ်မှတ်ထားသည့်နေရာများတွင် ထောပတ်၊ မက္ကဒေမီးယား၊ လိုင်ချီး၊ လိမ္မော် စသည့် ဥယျာဉ်ခြံသီးနှံပင်များ စိုက်ပျိုးခဲ့ကြသည်။ ယင်းနောက် နန်းကွေ့ စိုက်ပျိုးရေးခြံ၏ ဝဋ္ဋစံပြကွက်ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် မြစ်ကြီးနား စိုက်ပျိုးရေးသိပ္ပံသို့ ရောက်ရှိကြပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ရေး လုပ်ငန်းနေရာနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးသုတေသနနှင့် သရုပ်ပြခြံ တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြစ်ကြီးနား စိုက်ပျိုးရေးသိပ္ပံကျောင်း အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသိပ္ပံ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်သူအများအပြား မွေးထုတ်ပေးနိုင်ရန် နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်း ဖွင့်လှစ်ထားရှိသကဲ့သို့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေး ဒီပလိုမာသင်တန်းများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဒီပလိုမာသင်တန်းများအဆင့်မှ ကောလိပ်အဆင့်တိုးမြှင့်သင်ကြားနိုင်ရေးကို မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းဆင်းမောင်မယ်များအနေဖြင့် အလုပ်ကို လူကရှာရခြင်းထက် အလုပ်က လူကို လာရှာရသည်အထိ အတတ်ပညာကျွမ်းကျင်မှုရှိစေရေးနှင့် စွန့်ဦးတီထွင်လုပ်ကိုင်တတ်သော အသိပညာဖွံ့ဖြိုးစေရေးအတွက် သင်ကြားသင်ယူမှုကာလအတွင်း ဆရာများနှင့် တပည့်များ နှစ်ဖက်လုံးက ဟန်ချက်ညီညီ ကြိုးစားကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့် ကျောင်းအုပ်ကြီးတို့က စာသင်နှစ်အလိုက် ဖွင့်လှစ်ပို့ချပေးမည့် သင်တန်းများနှင့် ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို စားသောက်ဖွယ်ရာများ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့နယ်၌ ငါးမွေးမြူရေးလုပ်ကိုင်သူများအား အသိပညာပေးဟောပြော

ကျိုက်မရော ဇူလိုင် ၂

ကျိုက်မရောမြို့နယ် ပိန္နဲကုန်းရွာ၌ ငါးမွေးမြူရေး လုပ်ကိုင်သူများအား ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ် (GAqP)နှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းဇော်က ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် လယ်ယာမြေ၊ မြေလွတ်၊ မြေလတ်၊ မြေရိုင်းများအား အခြားနည်းအသုံးပြုရာ၌ လိုအပ်သော အချက်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်စုစုကြည်က ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်တွင် လိုက်နာရမည့် အခြေခံမူများနှင့် မိုးရာသီ ငါးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ရမည့်အချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# ပုသိမ်မြို့၌ မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ပုသိမ် ဇူလိုင် ၂

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့် ရိုးရာပွဲတက်ဝတ်စုံချုပ်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ဝန်ထမ်းနှစ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုများချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အသေးစားစက်မှုလက်မှု ဦးစီးဌာနမှ ဆောင်ရွက်သည့် ငှက်ပျောလျှော်၊ ငှက်ပျောချည်ဖြင့် ရက်လုပ်သည့် လူသုံးကုန်ပစ္စည်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်သည့် ချည်သားဖြင့် ရက်လုပ်သည့် လူသုံးကုန်ပစ္စည်းများနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဆောင်ရွက်သည့် စားသောက်ကုန်ပစ္စည်းများ၊ ဗေဒါဖြင့် ရက်လုပ်သည့် လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသထွက်ကုန်ကြမ်းများအား အသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ကုန်ထုတ်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ပိုမိုရရှိစေရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ကမ်းနားလမ်း၊ ပုသိမ်-ငပုတောကားလမ်း၊ မြို့ပတ်လမ်းနှင့် တောင်ပေါ်လမ်းများ တစ်လျှောက်သို့ သွားရောက်၍ ဧရာဝတီတိုင်း ဒေသကြီး၏ မြို့တော် ပုသိမ်အား "CLEAN CITY" ဖြစ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပလတ်စတစ်ကင်းစင်ရေးအတွက် ပလတ်စတစ်ကမ်ပိန်းများ ပြုလုပ်၍ ပြည်သူများ ပိုမိုပူးပေါင်းဆောင်ရွက်လာစေရေးတို့အား လမ်းညွှန်မှာကြားကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## ယုံကြည်မှုနဲ့ ဆက်နွှဲနိုင်အောင်

☆ လ, ဇူလိုင် တစ်ဆယ့်ကိုး
မျက်ရည်မိုး ဖြိုင်ဖြိုင်
"ခွန်ငါး" နှစ် စိန်ရတုတိုင်
မမေ့နိုင် သည်ရက်
ဗိုလ်ချုပ်နဲ့ အပေါင်းပါကို
ရက်စက်စွာ သတ်သည့်အချက်။
☆ "ဂဠုန်စော" ကလိမ်ဉာဏ်
စီမံသည့် စနက်
ကမ္ဘာမြေ ကြေပျက်တော့
တစ်သက်ပဲ့ မပြေ
"တို့ခေါင်းဆောင်" ခရီးဆုံးပေမယ့်
စည်းလုံးခဲ့ ပြည်ထောင်စုသားတွေ။
☆ "မြေပြန့်"နဲ့ "တောင်ပေါ်"နေ
တိုင်းရင်းသားတွေ အသွင်သစ်နဲ့
ခေတ်စနစ် သွားမည့်ပန်းတိုင်
လှမ်းစို့ တူပြိုင်။
☆ ယုံကြည်မှုနဲ့ ဆက်နွှဲနိုင်အောင်
လက်တွဲခိုင်ခိုင်ထားကြပါလေး။ ။

(စိန်ရတုအာဇာနည်နေ့သို့)

သူရဇော်



# လပွတ္တာမြို့နယ်၌ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်

လပွတ္တာ ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးခြင်း၊ ကျန်းမာရေးဆိုင်ရာ၊ ဥပဒေရေးရာနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ငွေက အမျိုးသမီးများကဏ္ဍမြှင့်မားရေးဆိုင်ရာကိစ္စရပ်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်ထွေးက ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ခရိုင်ဥပဒေအရာရှိ ဒေါ်စံပယ်က ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းက ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်ဖြိုးက ကျားမအကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များအား အသိပညာပေးဟောပြောကြပြီး အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ငုရွှေဝါပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး၌ မိုးနေကြာမျိုးစေ့ထုတ်စိုက်ကေ ၁၉၀၀ ကျော် စိုက်ပျိုးထား



မန္တလေး ဇူလိုင် ၂

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခရိုင်၌ မိုးနေကြာမျိုးစေ့ထုတ်စိုက်ကေ ၁၉၀၀ ကျော်စိုက်ပျိုးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသွင်က ပြောသည်။

အဆိုပါ စိုက်ဧကများကို တိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၌ မိုးနေကြာမျိုးစေ့ထုတ်စိုက်ဧကများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လျာထားဧက ၂၀၀၀ နှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လျာထားဧက ၄၀၀ ဖြစ်ပြီး စိုက်ဧကပေါင်း ၂၄၀၀ ကို လျာထားကာ မေလအတွင်းမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စိုက်ပျိုးပြီးစီးမှုမှာ ပြင်ဦးလွင်ခရိုင်၌ ၃၅ ဧက၊ ကျောက်ဆည်ခရိုင်၌ ဧက ၄၅၀၊ မိတ္ထီလာခရိုင်၌ ၁၃၅ ဧက၊ မြင်းခြံခရိုင်၌ ၇၇ ဒသမ ၅၀ ဧက၊ ညောင်ဦးခရိုင်၌ ဧက ၅၀၊ ရမည်းသင်းခရိုင်၌ ဧက ၈၀၀ စုစုပေါင်း ၁၅၄၇ ဒသမ ၅၀ ဧကနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် စိုက်ပျိုးပြီးစီးမှုမှာ ကျောက်ဆည်ခရိုင်၌ ဧက ၄၀၀ စုစုပေါင်း ဧက ၁၉၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"မိုးနေကြာမျိုးစေ့ထုတ်စိုက်ဧကတွေကို ခရိုင်ခြောက်ခရိုင်အတွင်း မြို့နယ် ၁၄ မြို့နယ်မှာ စိုက်ပျိုးနေပါတယ်။ အုပ်စုအနေနဲ့ ၈၆ အုပ်စု၊ တောင်သူပေါင်းအနေနဲ့ ၉၅၀ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့မျိုးတွေကတော့ ဆင်းရွှေကြာ -၂ မျိုးနဲ့ ရေဆင်းစပ်မျိုး - ၁ တို့ဖြစ်ပါတယ်။ စိုက်ပျိုးခဲ့တာကတော့ မေလအတွင်းနဲ့ ဇွန်လတို့မှာ စိုက်ပျိုးပါတယ်။ လက်ရှိ ၁၉၄၇ ဒသမ ၅၀ ဧက စိုက်ပျိုးပြီးပါပြီ။ မေလမှာ စောစိုက်တဲ့ မျိုးစေ့ထုတ် ဧကတွေအနေနဲ့ ကတော့ ဩဂုတ်လဆန်းကနေ စတင်ရိတ်သိမ်း သွားတော့မှာပါ။ ဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးခြင်းတွေနဲ့ နည်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့် ဧရိယာတွေ ကျယ်ပြန့်လာစေရေး အတွက် ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ မိုးနေကြာမျိုးစေ့ထုတ်စိုက်ဧကများမှ ထွက်ရှိလာသည့် မျိုးများကို ဒေသတွင်း နေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးသန့်စိုက်ဧကများ တိုးတက်ရေးအတွက် ပြန်လည်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ပိုလျှံမည့်မျိုးစေ့များကို တိုင်းဒေသကြီး၊ ပြည်နယ်များကို ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်းများလည်း ရှိကြောင်း၊ နေကြာသက်တမ်းမှာ ရက် ၈၀ မှ ၈၅ ရက်ဖြစ်ကြောင်း၊ ပံ့ပိုးမှုအနေဖြင့် မိုးနေကြာမျိုးစေ့ထုတ်စိုက်ပျိုးသည့် တောင်သူများအား တစ်ဧကကို ယူရီးယားမြေဩဇာ အိတ်ဝက်နှုန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဌာနအနေဖြင့် နေကြာမျိုးစေ့ထုတ်ဧကများကို ပြည်ထောင်စု အစီအစဉ်နှင့် တိုင်းဒေသကြီး အစီအစဉ်တို့ဖြင့်လည်း ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

## ပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောမည့်အကြောင်းအရာများမှာ (တစ်) နိုင်ငံတော်နှင့်တပ်မတော်အဆင့် ပြည်တွင်း၊ ပြည်ပအစည်းအဝေးများနှင့် ဆွေးနွေးပွဲများ၊ (နှစ်) နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များဖြစ်သည့် အထွေထွေအကြောင်းခြင်းရာများ၊ (သုံး) NUG၊ PDF တို့၏ အကြမ်းဖက်ဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်မှုများသာဖြစ်ကြောင်း၊ (တစ်)မှ (သုံး) အထိ မိမိအနေနှင့်ရှင်းလင်းပြောပြသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး/ဖြေကဏ္ဍဖြစ်ကြောင်း၊ မေးခွန်းများမေးသည့်အခါ စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီမေးမြန်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ပထမဦးဆုံးအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်အဆင့် ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများကို ဦးစွာပြောလိုကြောင်း၊ မိမိတို့နိုင်ငံအနေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ တွင် လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့်မူဝါဒတို့ကို ပြဋ္ဌာန်းကျင့်သုံးထားကြောင်း၊ မိမိတို့၏အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင်လည်း ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးချင်းဆက်ဆံရေးကို ထူထောင်ထားရှိကြောင်း၊ ဒေသတွင်းအာဆီယံနိုင်ငံများနှင့် ဆက်ဆံရာတွင်လည်း အာဆီယံက သတ်မှတ်ထားသည့် မူဘောင်၊ လုပ်ထုံး၊ လုပ်နည်းများအတိုင်း ပူးပေါင်းကျင့်သုံးဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး( 16th ASEAN DEFENCE MINISTERS MEETING– 16th ADMM) သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုတင်သွင်းသည့် သဘောတူထားအမြင် စာတမ်းများဖြစ်သည့် **"နယ်စပ်ဖြတ်ကျော် ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်ရေးတွင် အာဆီယံကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မှုဆိုင်ရာ သဘောထားအမြင်"** စာတမ်း၊ **"အာဆီယံငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ အမျိုးသမီးတပ်ဖွဲ့ဝင်များအတွက် ကူညီထောက်ပံ့ရေး လုပ်ငန်းစဉ် မြှင့်တင်ခြင်းဆိုင်ရာ သဘောထားအမြင်"** စာတမ်းနှင့် **"အာဆီယံကာကွယ်ရေးဆိုင်ရာ ပညာရေးကျောင်းများ၏ ပူးပေါင်းဆောင်ရွက်မှုထူထောင်ခြင်းဆိုင်ရာ သဘောထားအမြင်"**စာတမ်း၊ စင်ကာပူနိုင်ငံက အဆိုပြုတင်သွင်းသည့် **"အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးအောက်ရှိ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်ဗဟိုဌာနဆိုင်ရာ ရည်ညွှန်းကိုးကား စာစောင်များ"**ကို သဘောတူအတည်ပြုကြကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုတင်သွင်းသည့် **"ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုတဲ့ ကာကွယ်ရေးကဏ္ဍ၏အခန်း ကဏ္ဍဆိုင်ရာဖနောင်ပင်အမြင်"** အား အတည်ပြုခြင်းနှင့် **"ဟန်ချက်ညီလုံခြုံရေးအတွက် ပေါင်းစည်းညီညွတ်မှု ခိုင်မာစေမယ့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ"** အာဆီယံကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြကြောင်း။

## တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့

ဆက်စပ်အစည်းအဝေးများအနေဖြင့် အာဆီယံ-ဂျပန် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ အာဆီယံ-တရုတ် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောရုပ်သံအစည်းအဝေးများကို ဆက်လက်ကျင်းပပြီး အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပါဝင်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံနှင့် တပ်မတော်၏ သဘောထားရပ်တည်မှုနှင့် အကောင်အထည်ဖော်နေမှုများ၊ အာဆီယံဒေသတွင်းကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဖော်ဆောင်မှုကိစ္စရပ်များ၊ ရှေ့ဆက်လုပ်ဆောင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုနှင့် ရပ်တည်မှုကို ဖော်ပြဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒေသတွင်းကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအမြင်များကို ပူးပေါင်းဖလှယ်ခွင့်နှင့် ဆွေးနွေးခွင့်များရရှိစေပြီး အခြားအာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး (Regional Border Committee) အကြောင်းကို ပြောမည်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးသည် ၁၉၈၉ ခုနှစ်တွင် ထိုင်းနိုင်ငံ ချင်းမိုင်၌ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနှင့်ထိုင်းနိုင်ငံတို့ အိမ်ရှင်နိုင်ငံအဖြစ် တစ်လှည့်စီကျင်းပခဲ့ကြောင်း၊ (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကို ၂၀၂၂ ခုနှစ် ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တွင် မြန်မာနိုင်ငံ တောင်ကြီးမြို့၌ ကျင်းပခဲ့ကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး ဦးစီးပြီး ထိုင်းနိုင်ငံ ကိုယ်စားလှယ်ဘက်မှ Lt.Gen.Apichet Suesat ဦးစီးသည့် ကိုယ်စားလှယ် အဖွဲ့တက်ရောက်ခဲ့ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သည့် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးများကိုလည်း ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် အဖွဲ့ဝင်များက (၃၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးမှတ်တမ်းအား ပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးပူးပေါင်းမှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။

## ဆွေးနွေးနိုင်ခဲ့

ဆက်လက်ပြီး (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာများနှင့် အခြားကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေနှင့် အကြမ်းဖက်မှုဖြစ်စဉ်များ ပပျောက်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံနှင့်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ယှဉ်ကျေးမှုဖလှယ်ရေး၊ ချစ်ကြည်ရေး၊ အားကစားပြိုင်ပွဲများ ကျင်းပရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ ဖလှယ်နိုင်ရေးတို့အတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်မည့် အခြေအနေ၊ မြန်မာ့တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ကာ တွေ့ဆုံဆွေးနွေးနေမှုအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များနှင့်CDM ဝန်ထမ်းများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ထားမှုကို ထိုင်းတပ်မတော်ကလည်း ၎င်းတို့၏ နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူ ပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်ပြီး ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း၊ ထိုအထဲတွင် အရေးကြီးသည့်အချက်ကို မိမိထပ်ပြောမည်ဖြစ်ကြောင်း၊ ယင်းမှာ ပြည်တွင်း၊ ပြည်ပရှိ အချို့ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ CDM ဝန်ထမ်းများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရေး အသိပေးထုတ်ပြန်ချက်များ ရှိပါကြောင်း၊ ယင်းအပေါ် ထိုင်းတပ်မတော်ကလည်း ၎င်းတို့၏ နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူ ပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ခဲ့ကြောင်းကို အထူးအလေးထားပြောကြားလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

ဆက်လက်ပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Parksokhon ဦးစီးအဖွဲ့၏ ခရီးစဉ်အကြောင်းကို ပြောလိုကြောင်း၊ အထူးကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်အထိ အလုပ်သဘော ခရီးစဉ်ရောက်ရှိလျက်ရှိကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်အနေဖြင့် မတ် ၂၁ ရက်က ပထမအကြိမ်ခရီးစဉ်အဖြစ် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိခရီးစဉ်တွင် ဇွန် ၂၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးသို့ သွားရောက်ခဲ့ပြီး တရုတ်နိုင်ငံက အာဆီယံအတွက်လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးလှူဒါန်းမှုများကို လက်ခံရရှိခဲ့ကြောင်း၊ ဇွန် ၃၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့ပြီးနောက် အစိုးရဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် တိုးတက်မှုရှိသည့်အခြေအနေ၊ NUG၊ CRPH တို့မှ ပေါက်ဖွားလာသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုလုပ်ရပ်များကြောင့် သံဃာတော်များနှင့် ကိုရင်များ၊ အပြစ်မဲ့ပြည်သူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိသူများ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့မှု၊ ၎င်းတို့၏ဆိုးရွားစွာ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မိုင်းထောင်ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် ပြည်သူပိုင် အဆောက်အအုံများနှင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ ပျက်စီးခဲ့ရမှု၊ အကြမ်းဖက်မှုပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိမှု၊ မြန်မာနိုင်ငံရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အာဆီယံ၏မူဝါဒအရ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ပတ်သက်၍ **“တစ်ဦးတစ်ယောက်မှမကျန်ရ”** ဆိုသကဲ့သို့ မြန်မာနိုင်ငံအနေနှင့်လည်း **“လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ”** ဆိုသည့် မူဝါဒထားရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း။

**ခရီးစဉ်တွင် ကောင်းမွန်သည့် အရွေ့များရှိ**

ဇူလိုင် ၁ ရက်တွင် နိုင်ငံတော်၏ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးစီးအဖွဲ့များနှင့် တွေ့ဆုံမည်ဖြစ်သကဲ့သို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် (ALP၊ DKBA၊ KNU/KNLA-PC၊ PNLO၊ LDU၊ NMSP၊ RCSS) စသည့် အဖွဲ့ခုနစ်ဖွဲ့မှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံသွားရန်ရှိကြောင်း၊ ဇူလိုင် ၂ ရက်တွင် ပုဂံ၌ပြုလုပ်မည့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း၊ ခရီးစဉ်တွင် ကောင်းမွန်သည့် အကျိုးတရား၊ အရွေ့များရှိသည်ဟုသာ ပြောလိုကြောင်း ပြောကြားသည်။



ဆက်လက်ပြီး **လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (Lanchan-Mekong Cooperation)(LMC) အစည်းအဝေးအကြောင်း** ပြောမည်ဖြစ်ကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသသည် အာရှတွင်သာမက တစ်ကမ္ဘာလုံးတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအရှိဆုံးဒေသများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မဲခေါင်မြစ်တစ်လျှောက်သည် နိုင်ငံပေါင်းခြောက်နိုင်ငံနှင့် ထိစပ်ဆက်စပ်လျက်ရှိကြောင်း၊ မဲခေါင်မြစ်သည် တရုတ်နိုင်ငံနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရေးကြီးသည့် နိုင်ငံဖြတ်ကျော်မြစ်ကြောင်းတစ်သွယ်ဖြစ်ကြောင်း၊ ယင်းမြစ်သည် တရုတ်နိုင်ငံ ချင်းဟိုင် တိဘက်ကုန်းမြေမြင့်တွင် မြစ်ဖျားခံ၍ တရုတ်နိုင်ငံအတွင်းရှိ အပိုင်းကို လန်ချန်းမြစ်၊ ယူနန်ပြည်နယ်ပြင်ပ ပြည်မမြစ်ခြေပိုင်းရှိ နိုင်ငံများက မဲခေါင်မြစ်ဟု ခေါ်ဝေါ်ကြကြောင်း၊ တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် မြစ်၏စုစုပေါင်းအရှည်သည် ကီလိုမီတာ ၄၈၈၀ ရှိပြီး မြစ်ဝှမ်းဧရိယာ ၇၉ ဒသမ ၅ သန်း စတုရန်းကီလိုမီတာရှိရာ မြစ်ဝှမ်းဒေသတွင် မှီတင်းနေထိုင်သည့် လူဦးရေသည် သန်းပေါင်း ၃၄၀ ကျော်ခန့်ရှိကြောင်း၊ မဟာမဲခေါင်ဒေသခွဲရှိ နိုင်ငံများသည် တောတောင်ရေမြေ ဆက်စပ်နေပြီး လူမှုယဉ်ကျေးမှုများ ဆက်နွှယ်လျက်ရှိရာ အိမ်နီးချင်းအစဉ်အလာ ချစ်ကြည်ရေးနက်ရှိုင်းပြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးစီးပွားချင်း နီးကပ်ယှက်နွှယ်လျက်ရှိကြောင်း၊ အဆိုပါဒေသ၏ဒေသခွဲ၏ စုစုပေါင်းဂျီဒီပီ (GDP) အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၆ ထရီလီယံ၊ ကုန်သွယ်မှု- အမေရိကန်ဒေါ်လာ ၄၈၃ ဘီလီယံနှင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ ဘီလီယံတို့ဖြစ်ကြောင်းကို စာရင်းဇယားများ၊ မှတ်တမ်းများအရ လေ့လာသိရှိရကြောင်း။

လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု(LMC) သည် တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းငါးနိုင်ငံ အတူတကွ စတင်တည်ထောင်ခဲ့သည့် ဒေသတွင်း၊ ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းတစ်ခုသာဖြစ်ကြောင်း၊ မကြာမီ မြန်မာနိုင်ငံ၌ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအောက်က ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပသွားရန်ရှိသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ LMC ၏ ထူးခြားချက်မှာ လက်တွေ့ထိရောက်သည့် စီမံကိန်းအခြေပြုခြင်းသာဖြစ်ကြောင်း၊ LMC ယန္တရားကို ၂၀၁၆ ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး လျင်မြန်စွာတိုးတက်မှုများရှိခဲ့ကြောင်း၊ လန်ချန်း-မဲခေါင်၏ တွင်ကျယ်ထိရောက်မှုကို ပြသနိုင်ခဲ့သကဲ့သို့ တန်းတူညီမျှဆက်ဆံခြင်း၊ စေတနာမှန်နှင့် အပြန်အလှန် ကူညီဖေးမခြင်း၊ ချစ်ကြည်ရင်းနှီးခြင်းဆိုသည့် လန်ချန်း-မဲခေါင်ယဉ်ကျေးမှုကို ပျိုးထောင်နိုင်ခဲ့ကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုတွင် မဲခေါင် ငါးနိုင်ငံအနက် တစ်နိုင်ငံက တရုတ်နိုင်ငံနှင့်အတူ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရသည့်အတွက် ယခုနှစ်ဝန်ကြီးအဆင့်အစည်းအဝေးကို မိမိတို့နိုင်ငံက တာဝန်ယူကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအပါအဝင် သက်ဆိုင်ရာနိုင်ငံများက နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်မည်ဖြစ်ကြောင်း၊ ယင်းသည်လည်း မြန်မာနိုင်ငံအစိုးရ၏ အချုပ်အခြာအာဏာနှင့် တည်ရှိမှုကို အသိအမှတ်ပြုခြင်းသာဖြစ်ကြောင်း၊ ထို့အပြင် မဲခေါင်နိုင်ငံအားလုံးသည် တစ်သားတည်းဖြစ်နေခြင်းကို ပြသခြင်းဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် နှစ်နိုင်ငံအကြား၊ ဒေသတွင်းအကြား သဘောတူညီမှုစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသွားရန်လည်း ရှိကြောင်း၊ မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းအကျိုးစီးပွားတို့ကို များစွာဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်းကို ပြောကြားလိုကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထား**

ဆက်လက်ပြီး ငြိမ်းချမ်းရေးဆိုင်ရာအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်နေသည့်ကာလကစ၍ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖြစ်နိုင်သမျှ၊ ရနိုင်သမျှနည်းလမ်းတို့နှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်ကို နိုင်ငံတော်အကြီးအကဲအနေဖြင့် ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မည်သည့်ခေတ်အခါမှမရှိခဲ့သည့် ဖိတ်ခေါ်ကမ်းလှမ်းမှုမျိုးများနှင့် ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း၊ ယင်းဖိတ်ခေါ်မှုအပေါ် ဒေသခံပြည်သူလူထုအတွက် ငြိမ်းချမ်းရေးကို အစစ်အမှန် လိုလားသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့က လက်ခံတက်ရောက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မေ ၂၀ ရက်မှ ဇွန် ၂၀ ရက်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး SSPP၊ LDU အဖွဲ့တို့နှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ Stakeholder များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့စသည်ဖြင့် တွေ့ဆုံဆွေးနွေးခဲ့သည်မှာ (၇၃)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ထို့ပြင် ယခုတက်ရောက်လာသည့်အထဲတွင် NCA သဘောတူလက်မှတ်ရေးထိုးပြီးသည့်အဖွဲ့များဖြစ်သည့် RCSS/SSA၊ NMSP၊ KNU/KNLA-PC၊ ALP၊ PNLO၊ DKBA အဖွဲ့တို့နှင့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁/၂/၃)ပါ သဘောတူညီချက်များနှင့်ပတ်သက်၍ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များဆွေးနွေးခဲ့ပြီး သဘောတူညီချက်များကို ရရှိလက်မှတ်ရေးထိုးနိုင်ခဲ့သကဲ့သို့ NCA သဘောတူလက်မှတ်မရေးထိုးရသေးသည့် UWSP၊ NDAA (မိုင်းလား) အဖွဲ့တို့နှင့်လည်း ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

- ☆ **မဲခေါင်မြစ်ဝှမ်းဒေသသည် အာရှတွင်သာမက တစ်ကမ္ဘာလုံးတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအရှိဆုံးဒေသများအနက် တစ်ခုအပါအဝင်ဖြစ်၊ မဲခေါင်မြစ်တစ်လျှောက်သည် နိုင်ငံပေါင်းခြောက်နိုင်ငံနှင့် ထိစပ်ဆက်စပ်လျက်ရှိ**
- ☆ **မဟာမဲခေါင်ဒေသခွဲရှိ နိုင်ငံများသည် တောတောင်ရေမြေ ဆက်စပ်နေပြီး လူမှုယဉ်ကျေးမှုများ ဆက်နွှယ်လျက်ရှိရာ အိမ်နီးချင်းအစဉ်အလာ ချစ်ကြည်ရေးနက်ရှိုင်းပြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးစီးပွားချင်း နီးကပ်ယှက်နွှယ်လျက်ရှိ**
- ☆ **လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု(LMC)သည် တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းငါးနိုင်ငံ အတူတကွ စတင်တည်ထောင်ခဲ့သည့် ဒေသတွင်း၊ ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းတစ်ခုသာဖြစ်**
- ☆ **မကြာမီ မြန်မာနိုင်ငံ၌ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအောက်က ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပသွားရန်ရှိသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းမှားများဖြန့်ဝေသူတစ်ဦးအား ဖမ်းဆီးရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် အမိန့်ထုတ်ပြန်


ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်

ဖနောင်ပင် ဇူလိုင် ၂

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေသူတစ်ဦးအား ဖမ်းဆီးအရေးယူရန် ယမန်နေ့က အမိန့်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သတင်းမှားဖြန့်ဝေသူသည် လူသေခေါင်းတော်ပုံ အဟောင်းတစ်ခုကိုပြသကာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သတင်းမှားများဖြန့်ဝေခဲ့ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းမှားဖြန့်ဝေမှုကြောင့် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ထားကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က အမျိုးသားငါးနေ့အခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ သတင်းမှားများဖြန့်ဝေခြင်းသည် ပြည်သူများအကြား အထိတ်တလန့်ဖြစ်စေသည့်အတွက် ယင်းသို့သတင်းမှားများဖြန့်ဝေသူများအား ဖမ်းဆီးအရေးယူရန် သတိပေးပြောကြားခဲ့သည်။

နိုင်ငံအတွင်း၌ ဧပြီ ၂၀ ရက်မှစပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူထပ်မံမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သုံးဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၃၃၂၀၆ ဦးရှိသည်။ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၅၆ ဦးရှိပြီဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

# အီရန်နိုင်ငံတောင်ပိုင်း၌ အင်အားပြင်း ငလျင်များလှုပ်ခတ်၊ အနည်းဆုံး ငါးဦးသေဆုံး

တီဟီရန် ဇူလိုင် ၂

အီရန်နိုင်ငံတောင်ပိုင်း၌ အင်အားပြင်းငလျင်နှစ်ခု ယနေ့လှုပ်ခတ်ခဲ့ရာ ငါးဦး အနည်းဆုံးသေဆုံးပြီး ၄၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယနေ့ဒေသစံတော်ချိန် နံနက် ၂ နာရီတွင် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်နှင့် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တို့ မရှေးမနှောင်းလှုပ်ခတ်ခဲ့သည်။ အဆိုပါ ငလျင်များသည် အီရန်နိုင်ငံတောင်ပိုင်း ဟော်မိုဇန်စီရင်စု ပင်လယ်ကွေ့ကမ်းခြေအနီးရှိ ဆေယေးခိုရှ်ရွာကို ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်ငယ် ၂၄ ခုထပ်မံလှုပ်ခတ်ခဲ့သည်။ နံနက် ၈ နာရီတွင် ငလျင်ငယ်တစ်ခု နောက်ဆုံးလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ပထမငလျင်လှုပ်ခတ်မှုကြောင့် ငါးဦးအနည်းဆုံး သေဆုံးခဲ့သည်။ ဒုတိယအကြိမ်ငလျင်လှုပ်ခတ်စဉ်တွင် ပြည်သူများက နေအိမ်ပြင်ပသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် သေဆုံးမှုမရှိကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

ငလျင်လှုပ်ခတ်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံများသို့ ပို့ဆောင်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်



# အီရတ်နိုင်ငံက ဇွန်လအတွင်း ရေနံစိမ်းစည်ပေါင်း ၁၀၁ သန်း တင်ပို့နိုင်ခဲ့

ဘဂ္ဂဒက် ဇူလိုင် ၂



အီရတ်နိုင်ငံသည် ဇွန်လတွင်းက ရေနံစိမ်းစည်ပေါင်း ၁၀၁ သန်း တင်ပို့နိုင်ခဲ့ကြောင်းနှင့် ရေနံစိမ်းတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်း အီရတ်ရေနံဝန်ကြီးဌာနက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

ဇွန်လအတွင်းက ရေနံစိမ်းပျမ်းမျှဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၇ ဒေါ်လာရှိခဲ့ကြောင်း အီရတ်နိုင်ငံ ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့၏ အချက်အလက်များကို ကိုးကား၍ အီရတ်ရေနံဝန်ကြီးဌာနက ပြောကြားသည်။

## တင်ပို့ခဲ့ခြင်းဖြစ်

ရေနံစိမ်းစည်စုစုပေါင်း ၉၇ ဒသမ ၉၈ သန်းကို အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့ရှိ ရေနံမြေများမှ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရေနံစိမ်းစည်ပေါင်း ၂ ဒသမ ၉၁ သန်းခန့်ကို ကာကွတ်ပြည်နယ်မြောက်ပိုင်းရှိ ရေနံမြေများမှ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အီရတ်နိုင်ငံက ဇွန်လအတွင်း ပျမ်းမျှရေနံစိမ်းတင်ပို့မှုသည် တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၃ ဒသမ ၃၇ သန်း တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ရုရှား-ယူကရိန်း ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက်ပိုင်း ကမ္ဘာ့ရေနံဈေးကွက်တွင် ရေနံဈေးနှုန်းများ သိသိသာသာမြင့်တက်လာခြင်းကြောင့် အီရတ်နိုင်ငံနှင့် အခြားသော ရေနံထုတ်လုပ်သည့် နိုင်ငံများအတွက် အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးသည် အဓိကအားဖြင့် ရေနံစိမ်းတင်ပို့ရောင်းချမှုအပေါ်တွင် တည်မှီနေပြီး အီရတ်နိုင်ငံဝင်ငွေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်သည် ရေနံစိမ်းတင်ပို့မှုမှ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၂၇ ဦးအထိ မြင့်တက်လာ

နယူးဒေလီ ဇူလိုင် ၂

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရ်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွားခြင်းကြောင့် သေဆုံးသူ ၂၇ ဦးအထိမြင့်တက်လာကြောင်းနှင့် လူပေါင်း ၄၀ နီးပါး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အိန္ဒိယနိုင်ငံပိုင် ရုပ်သံလွှင့်ဌာန All India Radio က ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ မြေပြိုမှုသည် မဏိပူရ်ပြည်နယ် နိုနေးခရိုင်ရှိ မီးရထားလမ်းဆောက်လုပ်ရေးနယ်မြေတွင် ဇွန် ၃၀ ရက်က ဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ အဆိုပါ မီးရထားလမ်းစီမံကိန်းအတွက် လုပ်ဆောင်နေသည့် နယ်မြေခံတပ်မတော်မှ အရန်တပ်သားများဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် နိုနေးခရိုင်ရှိ မြေပြိုမှုဖြစ်ပွားရာနေရာတွင် နယ်မြေခံတပ်မှ တပ်မတော်သားခြောက်ဦး၏ ရုပ်အလောင်းများကို ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် မြေပြိုမှုကြောင့်သေဆုံးသူအရေအတွက်သည် ၂၇ ဦးအထိရှိလာခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ရုပ်သံလွှင့်ဌာန All India Radio က သတင်းထုတ်ပြန်ခဲ့သည်။



မြေပြိုမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူများ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သုံးရက်ဆက်တိုက် လုပ်ဆောင်လျက်ရှိပြီး ယနေ့ထွက်ပေါ်လာသည့် သတင်းများအရ မြေပြိုမှုကြောင့် လက်ရှိအချိန်အထိ ပျက်စီးမှုမရှိသေးကြောင်း သိရသည်။

မဏိပူရ်ပြည်နယ် ဝန်ကြီးချုပ် အင်န်ဘီရန်ဆင်း၏ ပြောကြားချက်အရ အဆိုပါမြေပြိုမှုသည် ပြည်နယ်၏သမိုင်းတစ်လျှောက်ဖြစ်ပွားခဲ့သည့် မြေပြိုမှုများထဲတွင် အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၇၁၅ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၂

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၇၁၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈၃၇၉၅၅၂ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂ ရက်တွင် ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၃၇ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း တောင်ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ထို့ပြင် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက တောင်ကိုရီးယားနိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၈၅၅၀ ရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ခုနစ်ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၄၅၆၂ ဦးရှိလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# အိန္ဒိယဝန်ကြီးချုပ်နှင့် ရုရှားသမ္မတတို့ နှစ်နိုင်ငံအရေးနှင့် ကမ္ဘာ့အရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး



**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီနှင့် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်တို့သည် နှစ်နိုင်ငံအရေးနှင့် ယူကရိန်းအရေးအပါအဝင် ကမ္ဘာ့အရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယမန်နေ့တွင် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အိန္ဒိယခရီးစဉ်အတွင်း ပြုလုပ်ခဲ့သောဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရေးကိစ္စရပ်များကို ပြန်လည်သုံးသပ်ခဲ့ကြပြီး လယ်ယာထွက်ကုန်၊ ဓာတ်မြေဩဇာနှင့် ဆေးဝါးထွက်ကုန်တို့ဖြင့် နှစ်နိုင်ငံကုန်သွယ်မှုကို ပိုမိုအားပေးရေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီနှင့် ရုရှားနိုင်ငံ သမ္မတဗလာဒီမာပူတင်တို့သည် နိုင်ငံတကာစွမ်းအင်နှင့် စားနပ်ရိက္ခာဈေးကွက်များ၏အခြေအနေအပါအဝင် အခြားသောကမ္ဘာ့အရေးကိစ္စများကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၇၃ ဦး ထပ်မံတွေ့ရှိ



**ကွာလာလမ်ပူ ဇူလိုင် ၂**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၇၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၅၆၈၈၂၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက် ခံရသူများအနက် လေးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၇၆၉ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ခြောက်ဦးထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၇၇၁ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၁၉၈၄ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၀၂၈၄၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၀၂၁၇ ဦးရှိပြီး ယင်းတို့အနက် ၄၇ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၂၈ ဦးသည် အသက်ရှူ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၈ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၃ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှု ခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၄၆၀ ထပ်မံတွေ့ရှိ



**ဝယ်လင်တန် ဇူလိုင် ၂**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၄၆၀ ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၂၀ ထပ်မံတွေ့ရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၆၆ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ခုနစ်ဦးအပါအဝင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းကြောင့် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် လူနာ ၄၂၃ ဦးရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်ဖြစ်ပွားချိန်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် နှစ်စပိုင်းမှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၄၅၁၇၅ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

■

# ကိုလံဘီယာနိုင်ငံ အကျဉ်းထောင်တစ်ခု မီးလောင်မှုဖြစ်ပွား၊ အကျဉ်းသား ၅၃ ဦးသေဆုံး

**ဘိုဂိုတာ ဇူလိုင် ၂**

ကိုလံဘီယာနိုင်ငံရှိအကျဉ်းထောင်တစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ အကျဉ်းသား ၅၃ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကိုလံဘီယာနိုင်ငံ တူလူယာမြို့ရှိ အကျဉ်းထောင်၌ အကျဉ်းသားများ အဓိကရုဏ်းဖြစ်ပွားခဲ့ရာမှ မီးလောင်မှုစတင်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းသားနှစ်ဦး ခိုက်ရန်ဖြစ်ပွားခဲ့ပြီးနောက် ကျန်အကျဉ်းသားများက မွေ့ရာများအား မီးရှို့ခဲ့ရာ မီးခိုးငွေ့များရှူရှိုက်မိသည့်အတွက် အကျဉ်းသားများ အသက်ရှူကျပ်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်။

တူလူယာမြို့ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ပြီး အဓိကရုဏ်းဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ကင်ညာနိုင်ငံ၏ စီးပွားရေး ယခုနှစ်ပထမ သုံးလအတွင်း ၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်

**နိုင်ရိုဘီ ဇူလိုင် ၂**

ကင်ညာနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ် ပထမသုံးလတာကာလအတွင်း ၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် ပထမသုံးလတာကာလတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း ကင်ညာနိုင်ငံအစိုးရစာရင်းအင်းအေဂျင်စီက ပြောကြားသည်။

ကင်ညာနိုင်ငံ၌ ပြီးခဲ့သည့်နှစ် ပထမသုံးလတာကာလအတွင်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးသိသိသာသာကျဆင်းခဲ့ရာမှ ယခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ကင်ညာနိုင်ငံ အမျိုးသားစာရင်းအင်းဗျူရိုက ပြောကြားသည်။

သို့ရာတွင် ကင်ညာနိုင်ငံ၌ ယခုနှစ်ပထမသုံးလတာကာလအတွင်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်မှုသည် ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ယင်းသို့ စိုက်ပျိုးရေးကဏ္ဍ၏ စိုက်ပျိုးရေးထွက်ကုန်ကျဆင်းမှုကြောင့် သစ်သီးဝလံပန်းမန်တင်ပို့မှုနှင့် လက်ဖက်ထုတ်လုပ်မှုသည်လည်း ကျဆင်းသွားခဲ့ကြောင်း အဆိုပါ အမျိုးသားစာရင်းအင်းဗျူရိုက မှတ်ချက်ပြုပြောကြားသည်။

ကင်ညာနိုင်ငံ၌ စံချိန်စံညွှန်းမီ မီးရထားလမ်းကို အသုံးပြုကာ ခရီးသည်များနှင့် ကုန်စည်များကို အဓိကသယ်ယူပို့ဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုနှစ် ပထမသုံးလတာလအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ စီးပွားရေးတိုးတက်မှု ပိုမိုများပြားလာခဲ့ခြင်းဖြစ်ကြောင်း ကင်ညာနိုင်ငံ အမျိုးသားစာရင်းအင်းဗျူရိုက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ရောဂါကူးစက်ခံရသူ ၁၇၀၉၂ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၀၉၂ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၄၃၄၈၆၃၂၆ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၉ ဦး သေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၅၁၆၈ ဦး အထိရှိပြီဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အကြာက သေဆုံးသူ လေးဦးသာရှိခဲ့ရာမှ လွန်ခဲ့သောရက် အနည်းငယ်အတွင်း သေဆုံးသူအရေအတွက်သည် သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၄ ဒသမ ၁၄ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်းကူးစက်မှုနှုန်းမှာ ၃ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၀၉၅၆၈ ဦး ရှိသည်။

သို့သော်လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၄၆၈၄ ဦးကျန်းမာရေးကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၈၅၁၅၉၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ယန္တရားနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ခွင့်ပြုလိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လှည်းကူးမြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျောက်အိုင်ကျေးရွာ၌ တရားမဝင် ကျွန်းပါကေးအကြမ်းတုံး သုည ဒသမ ၄၈၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၂၈၄)နှင့် အဆိုပါသစ်များတင်ဆောင်လာသော Toyota Probox အမျိုးအစားမော်တော်ကားတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၈၂၈၄) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အေးရှားဝေါလ်ဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမိန့်ညွှန်ကြားချက်နှင့် စည်းမျဉ်းကန့်သတ်ချက်များကို ကျော်လွန်တင်သွင်းလာခဲ့သော Caterpilla အမျိုးအစား Motor Grader ယန္တရားတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှမန္တလေးမြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော သကြား ၁၆၇၅၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော ၂၂ ဘီးကုန်တင်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

အလားတူ ဇူလိုင် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ Canda 125 အမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီးနှင့် Shayan 125 အမျိုးအစား မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်ရှိ ခပေါင်းကြိုးဝိုင်းအတွင်း ကျွန်းသစ် ၄ ဒသမ ၉၁၄ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၂၁၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်၊ ၂ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၄၄၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြိတ်မြို့နယ်နှင့် မူဆယ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂

မြိတ်မြို့နယ်နှင့် မူဆယ်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် BOC လမ်းတွင် မင်းထွန်း မောင်းနှင်



ခွန်အောင်(ခ)မာအောင်ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် မြိတ်မြို့ အလယ်ကျွန်းရပ်ကွက်နေ စိတ်ကြွရူးသွပ်ဆေးပြားများ အရောင်းအဝယ်ပြုလုပ်သူ ဇော်ဝင်းကို ဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် ကလွင်ကျေးရွာနေ ဝင်းနိုင်လင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် မြိတ်မြို့ ကန်ကြီးရပ်ကွက်နေ စိုးကိုကို(ခ)ခေါင်းကြီး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၊ ဆေးခြောက် သုည ဒသမ ၁ ကီလိုနှင့် ဝါးပြောင်းဆေးရှူကိရိယာတစ်ခုတို့ကိုလည်းကောင်း၊ ထို့အတူ ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် မြို့ပတ်လမ်းတွင် ခွန်အောင်(ခ) မာအောင် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၇-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ ပေဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၁၅ တရုတ်ကာတွန်း 'ပါးကွေ့ကြောင်စွန့်စားခန်း' (အပိုင်း-၆)
- ၀၇:၄၀ တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာ ယူရီးယားမြေဩဇာ
- ၁၀:၀၀ သတင်းသမားပြောတဲ့ သတင်းစကား
- ၁၀:၃၀ အာရှ-ပစိဖိတ် ရုပ်သံလွှင့်အဖွဲ့အစည်း၏ '၁၀ ကြိမ်မြောက်ဂီတပျော်ပွဲ' ထုတ်လွှင့်မှု
- ၁၁:၄၅ အသိပညာနှင့်အမှန်တရား
- ၁၃:၀၀ MRTV National News
- ၁၃:၃၀ မြန်မာဇာတ်ရုပ်ရှင် 'တိမ်လွှာမိုးမိုးလွင်' (ဝင်းဦး၊ အောင်လွင်၊ မြင့်မြင့်ခင်)
- ၁၆:၃၅ လူမှုဘဝထဲက ကော်ဖီ
- ၁၇:၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဇွန်လ) (တတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၀၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ကြွေလည်းဝေမြဲ တမ်းတဆဲ
- ၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် 'ဟယာရထား' (လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်၊ ကြည်လဲ့လဲ့ဦး)

### mitv

- 07:04 Awayyar Horntu (Sein Lei Lei)
- 07:11 Shwedagon Buddha Museum
- 07:43 Myanma Thanakha
- 08:00 Traditional Customs of Holy Waso
- 08:14 The Golden Triangle
- 08:27 Today Myanmar
- 08:37 The Recycle Art: Tyre
- 08:52 Mote Pel Sote from Intaing Village
- 09:01 News
- 09:27 Global Partnership for Brighter Future: Guinea Pavilion at Expo 2020 Dubai
- 09:35 Myanmar's Entrepreneurs: Soe Moe Aung
- 09:48 A Tourist Destination Of Shan State

### MRTV NRC

- အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) ကရင့်ရိုးရာစောင်းတူရိယာ
- အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀) အံ့သြဖွယ်ရာပဒုံ့ဂူမြေမှာ
- ချင်း (လိုင်းဇိုး) (၀၈:၀၀ မှ ၀၉:၀၀) ရှားစောင်းလက်ပတ်ရဲ့အစွမ်း
- ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀) ဝိတိုရိယတောင်(ခေါ်)ခေါနူးစုဝ်
- မွန် (၁၀:၀၀ မှ ၁၂:၀၀) ဓနိပူး၏အသုံးဝင်ပုံအကျိုးကျေးဇူး
- ရခိုင် (၁၂:၀၀ မှ ၁၄:၀၀) လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း
- ရှမ်း (၁၄:၀၀ မှ ၁၆:၀၀) မုန့်တီခြောက်ပြုလုပ်နည်း
- ဝ (၁၆:၀၀ မှ ၁၈:၀၀) နေကြာစိုက်ပျိုးခြင်း(အပိုင်း-၂)
- ကချင် (၁၈:၀၀ မှ ၂၀:၀၀) ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ
- ကယား (၂၀:၀၀ မှ ၂၂:၀၀) ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်
- ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀) ကျွဲချိုအကြောင်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဇွန်လ) (အပိုင်း-၃)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ သုတဝေစည်တောင်သူဆီ
- ၀၇:၁၅ ကျန်းမာရေးအတွက်ရည်ရွယ် ဓာတုကင်းလွတ်သီးနှံစိုက်ပျိုးမယ်
- ၀၇:၃၅ ရေစကြိုမြို့နယ်မှ ဆိတ်မွေးမြူရေး
- ၀၈:၂၀ ပုံးပန်းဝေဖြာတို့တောရွာ 'ပေါင်းပြီးမှမပိုးနဲ့'
- ၀၈:၄၅ မျှော်လင့်ခြင်းကွင်းပြင်ဆီမှ တောင်သူ့စကားသံများ
- ၀၉:၂၅ အငြေရှာပါ၊ ရှက်ဖုံးဝေဒနာ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၅) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

✻ ကျောဖုံးမှ

## ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဥကရစ်ထစခန်း ရန်သူ့လက်သို့ဆုံးရှုံးမှုမရှိအောင် စွမ်းစွမ်းတမံဖြင့် ခုခံကာကွယ်နိုင်ခဲ့သည့် တပ်မတော်သားများအား MWD က မှတ်တမ်းတင်ဂုဏ်ပြု

**နေပြည်တော် ဇူလိုင် ၂**

တရားမဝင်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများနှင့် အွန်လိုင်းပေါ်တွင် ဥကရစ်ထစခန်းအား PDF အမည်ခံအကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့ လက်အောက်သို့ကျရောက်သွားကြောင်း၊ အရာရှိ စစ်သည်များစွာ ကျဆုံးပြီး လက်နက်ခဲယမ်းများ သိမ်းဆည်းခံရကြောင်း သတင်းမှားများအမျိုးမျိုးထုတ်လွှင့်ဖော်ပြ၍ ဝါဒဖြန့်မှုများ ဆောင်ရွက်ခဲ့သည်။

**အောင်မြင်စွာခုခံတွန်းလှန်နိုင်ခဲ့**

ရန်သူမှ သာလွန်အင်အား အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သော်လည်း ဥကရစ်ထစခန်းရှိတပ်မတော်သားများ၏ ရွပ်ရွပ်ချွံချွံ မဆုတ်မနစ် ကြံ့ကြံ့ခိုင်သော လှေခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်တို့ဖြင့် KNLA နှင့် ပြည်ပအားကိုးသည့် အကြမ်းဖက်သမားများ၊ PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့၏ ဇွန် ၂၆ ရက်မှ ၃၀ ရက်အထိ အကြိမ်ကြိမ် ထိုးစစ်ဆင်တိုက်ခိုက်မှုအပေါ် မြေပြင်ပစ်ကူနှင့် လေကြောင်းပစ်ကူ ထိထိရောက်ရောက်ရယူကာ အောင်မြင်စွာ ခုခံတွန်းလှန်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင်လည်း ရာသီဥတုနှင့် အခြားသောမြေအနေအထား




ကန့်သတ်ချက်ရှိသည့်အကြားမှ စခန်းအရောက် စစ်ကူ၊ ပစ်ကူလာရန် ချီတက်ကြသည့် စစ်ကြောင်းများနှင့် တပ်ချင်းဆက်၍ ပူးပေါင်းမိကာ ဥကရစ်ထစခန်းနှင့်ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥကရစ်ထနယ်မြေ ထိတွေ့တိုက်ပွဲဖြစ်စဉ်များ တစ်လျှောက် ပြည်ပလက်ဝေခံ KNLA အုပ်စုအချို့နှင့် အကြမ်းဖက်အုပ်စုတို့၏ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများကို တရားမဝင်မီဒီယာများတွင်သနားစဖွယ်နှင့် အလှူငွေများ ပိုမိုရရှိကောက်ခံနိုင်ရေး နေ့စဉ်ဖော်ပြမှုများကိုလည်း တွေ့ရှိနိုင်မည်ဖြစ်သည်။

**ဂုဏ်ပြုမှတ်တမ်းတင်လိုက်**

ဥကရစ်ထစခန်း ရန်သူ့လက်သို့ ဆုံးရှုံးမှုမရှိအောင် ရွပ်ရွပ်ချွံချွံ လှေခွက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ ခုခံတိုက်ခိုက်ခဲ့သော တပ်မတော်သားများ၊ မြေပြင်ပစ်ကူအပါအဝင် လေကြောင်းပစ်ကူ အဆက်မပြတ်ပေးခဲ့သော တပ်မတော်သားများနှင့် ရဲဘော်ရဲဘက်စိတ်ဖြင့် တပ်ချင်းဆက်၍အချိန်မီ စစ်ကူသွားရောက်နိုင်ခဲ့သော တပ်မတော်သားများ၏ စခန်းအတွင်းရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ ပြိုလဲမှုမရှိအောင်၊ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ရဲသော်မသေ၊ သေသော်ငရဲမလား မြင့်မြတ်သည့်စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်ဆောင်ရွက်နိုင်ခဲ့မှုအတွက် မြဝတီရုပ်မြင်သံကြားအဖွဲ့သူ၊ အဖွဲ့သားများက လှိုက်လှိုက်လှဲလှဲဖြင့် ဂုဏ်ပြုမှတ်တမ်းတင်လိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၂**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့်၎င်းတို့ကိုအကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

**ပေါက်ကွဲမှုဖြစ်ပွား**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကွျန်းလှမြို့နယ် ကျီကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း ပင်မအဆောင်၏ အနောက်ဘက် ပေ ၅၀ ခန့်အကွာရှိ အသုံးပြုခြင်းမရှိသည့် သွပ်မိုး၊ ထရံကာကျောင်းဆောင်အဟောင်းအတွင်း၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးထောင်ကာ ဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဆောင်အဟောင်းရှိ အမိုးသွပ် သုံးချပ်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁ ရက် ညနေ ၃ နာရီတွင် ဖောင်းပြင်မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဓားဒဏ်ရာများဖြင့်သေဆုံးနေသည့် အမျိုးသားတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဖောင်းပြင်မြို့နယ် သရောင်းကျေးရွာနေ အဆိုပါကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြကျောင်းဆရာဖြစ်သူ ဦးနေစိုး ၃၈ နှစ် (ဘ) ဦးရန်ထွန်းအား လည်ပင်းထိုးသွင်း၊ ပြတ်ရှဒဏ်ရာ သုံးချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဖြစ်စဉ်ကိုစိစစ်ခဲ့ရာ ၎င်းသည် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ဖောင်းပြင်မြို့ ပညာရေးမှူးရုံးသို့ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာသွားရာမှ ကျေးရွာသို့ ပြန်လည် ရောက်ရှိလာခြင်းမရှိသဖြင့် လိုက်လံရှာဖွေခဲ့ရာ အင်ဝိုင်းကျေးရွာ သုသာန်အနီး၌ အကြမ်းဖက်သမားများ၏ ရက်စက်စွာ သတ်ဖြတ်ခြင်းခံထားရသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## သဃ်န်းကျွန်းမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်(အကြို) စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ တင်ထက်ထက်ဇော်(ပေါက်ပေါက်)က စာရေးဆရာ တင်နိုင်တိုးရေးသားသော “ ပါလီမန်ခေတ် ထင်ပေါ်ကျော်ကြား မြန်မာအမျိုးသမီးများ” စာအုပ်တွင်ပါရှိသည့် အကြောင်းတို့နှင့်ပတ်သက်ပြီး အသိပညာပေး ပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၇၇၅ |
| 95 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၈ | ၂၀၃၁ |
| 95 Ron | ၂၀၆၇ | ၂၁၄၂ |
| HSD (500 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (50 ppm) | ၂၃၄၉ | ၂၄၂၆ |
| HSD (10 ppm) | ၂၃၄၉ | ၂၄၂၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် မြို့မဈေးပွဲရုံတန်းနေ ချမ်းငြိမ်းထူးသည် ၎င်းအသုံးပြုသည့် “Chan Htoo” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာနေ ကျော်သက်ခိုင်သည် ၎င်းအသုံးပြုသည့် “Kyaw Thet Khaing” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၁) ရပ်ကွက်နေ ဇော်ကိုကိုသည် ၎င်းအသုံးပြုသည့် “Zaw Ko Ko” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်နေ ခိုင်သရဖီလင်း (ခ) မော်လီ (ခ) သဲဗိုလ် (ခ) နန်းခမ်းမိုးဟွမ် သည် ၎င်းအသုံးပြုသည့် “Thae Bo” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ (၃)ရပ်ကွက်နေ မိုးမိုးသည် ၎င်းအသုံးပြုသည့် “Moe Moe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**အင်းစိန်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ**

**ရန်ကုန် ဇူလိုင် ၂**

မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာမှုသုတပဒေသာ စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေး ခန်းမ၌ကျင်းပခဲ့ရာ မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အားရှင်းလင်းပြောကြားပြီး မြို့နယ် စာပေဥယျာဉ်အသင်း နာယက ရန်နောင် (ပညာရေး)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး)၊ ဒုဥက္ကဋ္ဌ (မောင်မောင်ဝင်းမြင့်-မှုခင်း)တို့က အမှာစကား အသီးသီး ပြောကြားသည်။

ထို့နောက် ဒေါက်တာ နှင်းအေးခိုင်ဆွေ (သမိုင်း)ရေးသားထားသည့် မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာမှုသုတပဒေသာ စာအုပ်တွင် ပါရှိသည့် အကြောင်းအရာများကို စာရေးဆရာ စိန်ညိုမင်း (ထန်းတပင်)၊ စာရေးဆရာမ ခင်နွဲ့မူ (အင်းစိန်)၊ စာရေးဆရာမ ရွှေဘုတ် (အင်းစိန်) နှင့် စာရေးဆရာ မော်ကျွန်း ရဲခိုင်တို့က အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ကရင်ပြည်နယ်တွင် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

ဘားအံ ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကရင်ပြည်နယ် ၂၀၂၂ ခုနှစ် မိုးရာသီ(ဒုတိယအကြိမ်) သစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက် ၈ နာရီက နည်းပညာတက္ကသိုလ် (ဘားအံ) ၌ ကျင်းပသည်။

**စနစ်တကျပြုစု**

သစ်ပင်စိုက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းသည် National Strategic Plan For the Advancement of Women(NSPAW)၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သော အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသော သစ်ပင်များကို စနစ်တကျပြုစုထိန်းသိမ်းပြီး ရှင်သန်အောင်မြင်သော သစ်ပင်များကို ဖျက်ဆီးမှုဘေးအန္တရာယ်အမျိုးမျိုးတို့မှ ထိန်းသိမ်းကာကွယ်ပေးကြစေလိုကြောင်း ပြောကြားသည်။

**သစ်ပင်ပေါင်း ၄၀၅ ပင်**

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့တို့မှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်၊ အသင်းဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ခရေ၊ ကံ့ကော်၊ ပျဉ်းမ၊ ငုရွှေဝါ၊ ကျွန်း၊ ရေတမာ၊ အာသောက၊ စိန်ပန်း အစရှိသော ကြီးထွားရှင်သန်ရန်အကောင်းဆုံးအရွယ်ရှိသည့် ပျိုးပင်ပေါင်း ၄၀၅ ပင်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ် (ပြန်/ဆက်)

■






# ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းဆင်းပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ် (၅/၂၀၂၂)၊ အဆင့်မြင့်ရုံးသုံး ကွန်ပျူတာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၂) နှင့် လက်တွေ့အသုံးချကွန်ပျူတာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄/၂၀၂၂) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**အရည်အသွေးမြှင့်တင်**

ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရုံးလုပ်ငန်းများ၊ e-Government လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်သည် အဓိကလိုအပ်ချက်ဖြစ်၍ ဒီဂျစ်တယ်နည်းပညာ၊ ကွန်ပျူတာ၊ အင်တာနက်အသုံးချမှုနှင့် ၎င်းတို့၏ လုံခြုံရေးအခြေခံသဘောတရားများကိုနားလည်ပြီး ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုအပ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က e-Government Training Center ဖွင့်လှစ်ပြီး အခြေခံမှအဆင့်မြင့်အထိ နည်းပညာဆိုင်ရာကျွမ်းကျင်မှု သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်ပေးလျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ နည်းပညာကျွမ်းကျင်မှုအရည်အသွေးကို မြှင့်တင်ပေးလျက်ရှိကြောင်းနှင့် ဌာနဆိုင်ရာအသီးသီးမှ သင်တန်းသားဝန်ထမ်းများအနေဖြင့် မိမိတို့သိရှိတတ်ကျွမ်းထားသော ပညာရပ်များကို သက်ဆိုင်ရာဌာနအသီးသီး၌ ပြန်လည်အသုံးချခြင်းဖြင့်စွမ်းဆောင်ရည်များတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်တို့က သင်တန်းဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများအားလည်းကောင်း၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး တို့က သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအားလည်းကောင်း၊ တိုင်ဒေသကြီးလူမှုရေး ဝန်ကြီး ဦးအောင်ဝင်းသိန်းက သင်တန်းဆင်းလက်မှတ်များအား လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# အိန္ဒိယနိုင်ငံ၏ဝယ်လိုအားကြောင့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိ

မန္တလေး ဇူလိုင် ၂

၂၀၂၂ ခုနှစ် ပဲရာသီတွင် နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးပြီး အစောဆုံးထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား သီးထပ်မတ်ပဲအသစ်များ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်တွင် အဖွင့်ဈေးကောင်းမွန်စွာဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါသီးထပ်မတ်ပဲများသည် ဈေးကွက်အတွင်းသို့ ဇွန်လနောက်ဆုံးပတ်က လှိုင်လှိုင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်းများလည်း ကောင်းမွန်လျက်ရှိသည့်အပြင် ပြီးခဲ့သည့်နှစ် ကာလတူရာသီက သီးထပ်မတ်ပဲ အဖွင့်ဈေးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းသာရှိခဲ့သော်လည်း ယခုနှစ်တွင် သီးထပ်မတ်ပဲမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ဈေးနှုန်းထိ စံချိန်တင်မြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

"မန္တလေး ဈေးကွက်ထဲမှာ တပေါင်းလပြည့်ကျော်က စိုက်ခဲ့တဲ့ ရေသွင်းမတ်ပဲတွေ အခုချိန်မှာ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေပါတယ်။ ရေသွင်းစိုက်ပျိုးခဲ့တဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေ မတ်ပဲကို သီးထပ်စိုက်ပျိုးလို့ အောင်မြင်တဲ့နှစ်လည်းဖြစ်တယ်။ ယခုရက်ပိုင်းမှာ အိန္ဒိယနိုင်ငံက ဝယ်လိုအားကောင်းကောင်းနဲ့ ဝယ်ယူလာတာကြောင့် ဈေးကောင်းရနေတာပါ။ အိန္ဒိယနိုင်ငံမှာ စိုက်ဧကနည်းပြီး အထွက်နှုန်းနည်းတာကို ကြားသိရပါတယ်။ အဲဒါကြောင့် မတ်ပဲဟာ ခါတိုင်းနှစ်ထက် မတူဘဲ ဝယ်လိုအားများပြားနေပြီး ဈေးနှုန်း မြင့်တက်လာနေတာဖြစ်တယ်။ သီးထပ်အနေနဲ့ စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိနေတာကြောင့်တောင်သူတွေ အကျိုးအမြတ်ရရှိတဲ့နှစ်လို့ ပြောလို့ရပါတယ်" ဟု ၎င်းက ရှင်းပြသည်။

လက်ရှိမန္တလေးပဲဈေးကွက်သို့ ရေသွင်းစိုက်ပျိုးသည့် သီးထပ်မတ်ပဲများ စတင်ဝင်ရောက်လာသည့် ဒေသများမှာ ရွှေဘို၊ ရေဦး၊ တန့်ဆည်၊ ကန့်ပလူ စသည့် နယ်များနှင့် ရေစကြိုနယ်တို့မှ လည်း ဝင်ရောက်နေကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံအထက်ပိုင်းအညာ ဒေသများတွင်သာမက မြန်မာနိုင်ငံ အောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း၊ သီးထပ်အနေဖြင့် အထက်အညာဒေသများတွင်သာ စိုက်ပျိုးကြပြီး အဆိုပါမတ်ပဲသည် ပြည်ပသို့ မြန်မာပြည်၏ ပဲသီးနှံတင်ပို့မှုတွင် အများဆုံးဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)



# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ပညာပေးကဏ္ဍများကို ပိုမိုထိရောက်အောင် အသိပညာပေး

တောင်ကြီး ဇူလိုင် ၂

ရှမ်းပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (၁/၂၀၂၂) အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မိမိတို့ကိုယ်တိုင် စည်းကမ်းလိုက်နာ**

ရှမ်းပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့်ပတ်သက်၍ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်နှင့် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောရန်၊ မိမိတို့ကော်မတီအဖွဲ့များကလည်း လုပ်ငန်းစီမံချက်များချမှတ်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် ပတ်သက်ကာ မိမိတို့ကိုယ်တိုင် စည်းကမ်းစနစ်တကျလိုက်နာရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ပညာပေးကဏ္ဍများကို ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ပြည်သူများကိုပိုမိုထိရောက်အောင် အသိပညာပေးဟောပြောကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကို၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဟန်နှင့် တက်ရောက်လာသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)




## ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား ၁၆၆ ဦးတို့အား နေရပ်သို့ ပြန်လည်ပို့ဆောင်

**တာချီလိတ် ဇူလိုင် ၂**

ရှမ်းပြည်နယ်( အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ နေရပ်သို့ပြန်လာကြသည့် ရွှေ့ပြောင်း မြန်မာအလုပ်သမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၆၆ ဦးတို့အား ယမန်နေ့မွန်းတည့် ၁၂ နာရီက မော်တော်ယာဉ်များဖြင့် မိမိနေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတစ်ဆင့် တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား (၂) မှ ဇွန် ၂၈ ရက်က ပြန်လည်ဝင်ရောက်လာခဲ့ကြရာတွင် ဝမ်လုံးကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ လေးရက်ကြာထားရှိပြီး နှာခေါင်းနှင့် အာခေါင်တို့ဖတ်ရယူ၍ RDT စက်ဖြင့်ထပ်မံစစ်ဆေး အတည်ပြုချက်ရယူရာတွင် ပိုးကင်းစင်သူ ၁၆၆ ဦးတို့အား တာဝန်ရှိသူများက မိမိနေရပ် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း၊ ကိုဗစ်ပိုးတွေ့ရှိသူ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၇ ဦးတို့သည် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် သတ်မှတ်ကာလအထိ ကိုဗစ်စင်တာတွင် ဆက်လက်နေထိုင်ရမည်ဖြစ်ကြောင်း သိရသည်။

နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများကို မြို့နယ် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ကုသရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ပေးခဲ့ပြီး မေတ္တာရှင် လူမှုကူညီရေးအသင်းဝင်များက ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

## မြန်မာအလုပ်သမားများ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ကော့သောင်း ဇူလိုင် ၂**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမားအမျိုးသား ၂၀ နှင့် အမျိုးသမီး ၇၉ ဦး စုစုပေါင်း အလုပ်သမား ၉၉ ဦးတို့သည် ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြသည်။

အဆိုပါ မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံသို့ နှစ်နှစ်စာချုပ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်ကြမည်ဖြစ်ရာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းခရိုင်ရုံးနှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**




## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲနှင့် ဝတ်စုံပေးအပ်ပွဲကျင်းပ




ရန်ကုန်

**ရန်ကုန်**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ Talk Show တွင် ကျောက်တံတားမြို့နယ် ဦးစီးအရာရှိ ဒေါ်ရွှေဇင်ခိုင်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ပေါက်ပေါက်က မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်တွင် တိုင်းပြည်အကျိုးထမ်းပိုးရာ၌ အမျိုးသားများနှင့် တန်းတူ တာဝန်ကျေကြောင်း၊ မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍက ခေတ်အဆက်ဆက် အရေးပါခဲ့ကြကြောင်းတို့ကို ဆွေးနွေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

**နမ္မတူ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကနမ္မတူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (Women Club)အဖွဲ့တို့ပူးပေါင်း၍ Online စနစ်ဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုအမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး Talk Show ကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီက နမ္မတူမြို့နယ် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နမ္မတူမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ချစ်ချစ်ပိုင်က အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အများပြည်သူအသိပညာပေး Talk Show ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် (Women Club) အဖွဲ့ဥက္ကဋ္ဌ ဒေါ်စမ်းသွင်က ခေတ်အဆက်ဆက် အမျိုးသမီးများ၏ကဏ္ဍ အရေးပါပုံအကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးများ၏ ခေတ်အဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့သည့် အခန်းကဏ္ဍများအကြောင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လှမော် (ပြန်/ဆက်)**

**ဟုမ္မလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဆေးရောင်ခြယ်နှင့် ကဗျာရွတ်ပြိုင်ပွဲတို့ကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီခွဲက ဟုမ္မလင်းမြို့ လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

အမျိုးသမီးရေးရာအဖွဲ့ဝင် ဆရာမကြီး ဒေါ်ဝင်းယဉ်က မြန်မာ့ရိုးရာ ဝတ်စားဆင်ယဉ်ပုံနှင့် မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြမြဝင်းက အမျိုးသမီးရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်လည်းကောင်း ပြောကြားသည်။

ဆက်လက်၍ Grade (3) ကျောင်းသားကျောင်းသူများက ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် Grade(4) ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

**ကြို့ပင်ကောက်**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ဝတ်စုံများပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေခြည်နုက အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ လှုပ်ရှားဆောင်ရွက်ရမည့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တာဆီးကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အရှိန်မြှင့်ပူးပေါင်းဆောင်ရွက်သွားရန်၊ မိမိတို့အဖွဲ့အစည်း၏ ရည်ရွယ်ချက်များကို အမြဲအလေးထား ဆောင်ရွက်သွားကြရန် မှာကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် ဝတ်စုံ ၁၅ စုံနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား ဝတ်စုံ ၁၅ စုံတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

**လားရှိုး**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူထုအခြေပြုဗဟိုဌာန သင်တန်းခန်းမတွင် ဇူလိုင် ၁ ရက် နံနက် ၉ နာရီ ခွဲက မြန်မာအမျိုးသမီးများနေ့အထိမ်း အမှတ် အခြေခံပညာ အထက်တန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများနေ့နှင့် ပတ်သက်သည့် အကြောင်းအရာများဖြင့် ဉာဏ်စမ်းပဟေဠိမေးခွန်းဖြေဆိုခြင်းပြုလုပ်ကာ လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ရာ လားရှိုးခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ပါဝင်ပူးပေါင်းပြီး လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ စုစုပေါင်း ကျောင်း ၁၀ ကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဟန်ဌေး(လားရှိုး)**



လားရှိုး

# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

## တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖






## ကျိုင်းတုံတက္ကသိုလ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

နေပြည်တော် ဇူလိုင် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံတက္ကသိုလ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပိတောက်ပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင် စသည့် ပျိုးပင်စုစုပေါင်း ၇၀၀ တို့ကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

တောင်ကြီး ဇူလိုင် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ၊ မှတ်ပုံတင်ခြင်းဆိုင်ရာတို့နှင့်ပတ်သက်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အဖွင့်အမှာစကား





ပြောကြားသည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ ဒုတိယညွှန်ကြားရေးမှူးများက စာချုပ်စာတမ်းများ၊ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးချက်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူ ဝန်ထမ်းများက အပြန်အလှန် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲအား စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေကြသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အရာထမ်း အမှုထမ်းများအနေဖြင့် ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကျေညက်စွာ လေ့လာသိရှိနိုင်ရန်နှင့် ပြည်သူ့အကျိုး၊ ဌာနအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများမှ ဝန်ထမ်းအင်အား ၂၀၀ တက်ရောက်ဆွေးနွေးလျက်ရှိကြောင်း၊ ကယားပြည်နယ်အတွင်းမှ ဝန်ထမ်းများအနေဖြင့်လည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လျက်ရှိကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲအား ဇူလိုင် ၂ ရက်မှ ၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

## ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်အတွင်း ငါးရစ်ငါးသန်ကာလ ကွင်းဆင်းစစ်ဆေး

ဟုမ္မလင်း ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိရေးတို့အတွက် ချင်းတွင်းမြစ်အတွင်း ကွင်းဆင်းစစ်ဆေးမှုကို ဇူလိုင် ၁ ရက်တွင် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်လှိုင်နှင့် ဝန်ထမ်းများက မြစ်ကြောင်းအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဝတ္ထုတို




**ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)**

(၁)

ရုတ်တရက် ပြောင်းလဲသွားသော ရာသီဥတုကြောင့် လမ်းမပေါ်ရှိလူများ အလုပ်ရှုပ်ကုန်ကြသည်။ ဈေးသည်များလည်း ထီး၊ အမိုးအကာများ အချိန်မီ မမိုးနိုင်ကြ၍ ဝုန်းဒိုင်းရွာချလိုက်သော မိုးရေစက်များနှင့် စိုရွှဲသွားကြသည်။ လုံခြုံသည့်နေရာကို အလုအယက်ပြေးကြရင်း လမ်းမကြီးပေါ်တွင် လူများ ခေတ္တမျှ ပျောက်သွားသည်။ အလျင်လိုနေသည့် သူများသာ မိုးစိုခံပြီး ပြေးသွားကြသည်။

မိုးကသည်းထန်စွာ ရွာသွန်းနေ၍ ထီးပါသည့်လူများပင် မလုံနိုင်ပေ။ နီးစပ်ရာ အမိုးရှိရာသို့ အားလုံးစုပြုံလာတော့သည်။ ဘယ်လောက်ထိ ရွာနေဦးမလဲမသိ။ မိုးကပိုပြီးသည်းလာ၍ အမိုးအောက်ကလူများ၏ မျက်နှာများက အလိုမကျမှုများ များနေတော့သည်။

“ဒုက္ခပါပဲ၊ မတိတ်နိုင်တော့ဘူး။ ပစ္စည်းပို့နောက်ကျတော့မယ်”

“ကျောင်းချိန်မီပါတော့မလား”

“ဟာ သင်တန်းက စတော့မယ်ကွာ။ တောက်… ဒီမိုးကလည်း မတိတ်နိုင်ဘူး”

“ စိတ်ပျက်တယ်”

မိုးမင်းကြီးကို ကျိန်ဆဲကြရင်း လူပေါင်းစုံ၊ အတွေးမျိုးစုံ၊ အနံ့ပေါင်းစုံနှင့် အချင်းချင်းကြည့်ကြရင်း နှာခေါင်းရှုံ့နေကြတော့သည်။ အလွှာစုံလူတန်းစားများမှာ ယခုလိုချိန်တွင် ဒီအမိုးလေးအောက် လုံခြုံဖို့ အရေး အဓိကမို့ သည်းခံနေနေကြပုံပေါ်သည်။

မိုးစဲသည်နှင့် အားလုံးအလျင်အမြန် ထွက်သွားကြရန် စိတ်ကူးက အတူတူဖြစ်နိုင်သည်။ အချင်းချင်းကိုယ်ရနံ့များထက် လူမမယ်ကလေးနှစ်ယောက် အနံ့အသက်က ပိုဆိုးလွန်းလှသည်။ လက်နှီးစုတ်လို အဝတ်အစားများက ဈေးအလိပ်လိပ်နှင့် အရောင်မရှိ အနံ့အသက်က မြောင်းပုပ်နံ့ကဲ့သို့ပင်။ ခွက်လေးတစ်ခုကို သူတို့အရှေ့ချထားသော်လည်း မည်းညစ်တွန့်လိမ်နေသည့် ဒန်ခွက်အစုတ်လေးထဲ ငါးဆယ်တန်လေးနှစ်ရွက်က ရေများ စိုရွှဲနေသည်။ ကိုယ့်အရေး၊ သူ့အရေး တွေးတောစဉ်းစားနေကြပေမယ့် အချိန်ကြာလာတော့ သူတို့မြင်ကွင်းလေးထဲ ကလေးနှစ်ယောက်က ဝင်လာတော့သည်။

“စိတ်ပျက်စရာဟယ် ကလေးတွေနားက အနံ့တွေက ပိုပြင်းလာပြီ။ မိုးရေတွေရွှဲနေတော့ အန်ချင်လာပြီ”

“ ဟိုကလေးလေးဆို ငယ်ငယ်လေး ကြည့်ဦး။ သုံးနှစ်သားလောက်လေးပါ။ မိဘတွေမရှိဘူးလား မသိဘူးနော်”

“တချို့မိဘတွေ အကျင့်မကောင်းဘူး။ ကလေးတွေမွေးထားပြီး မလုပ်ကျွေးတဲ့အပြင် ဒီလိုတောင်းစားခိုင်းတာတဲ့”

“ဟုတ်တယ် တချို့ဆို ပိုက်ဆံပါမလာရင် အရိုက်ခံရတယ်ဆိုလား”

“သနားပါတယ်နော်”

“ဒီအရွယ် ခြောက်နှစ်၊ သုံးနှစ်လောက် ကလေးက ဘာလုပ်နိုင်မှာလဲ။ မိဘတွေ အမြင်ကပ်တာ”

“ မိဘကောရှိပဲ့မလား။ လမ်းပေါ်မှာပဲ ကြီးပြင်းလာတဲ့ ကလေးတွေများလား”

အားလုံးက အမျိုးမျိုးထင်ကြေးပေး ပြောဆိုနေကြပေမယ့် ကလေးနှစ်ယောက်ကတော့ ဂရုမစိုက်နိုင်။ အငယ်လေးလေးက မိုးကလည်းအေး၊ မိုးရေတွေလည်း ရွှဲစိုနေပြီး ချမ်းလွန်းလို့ တုန်နေရှာသည်။ အိပ်ချင်လာ၍ထင်သည်။ ဝါးကနဲ့သမ်းလိုက်၍ အစ်ကိုဖြစ်သူက ရင်ခွင်ထဲပွေ့သိပ်လိုက်သည့် မြင်ကွင်းလေးက အားလုံးရင်ထဲ နွေးထွေးမှုလေးခံစားလိုက်ရသည်။ တချို့အိတ်ကပ်ထဲကပါသည့် အကြွေလေးတွေထုတ်ပြီး ခွက်လေးထဲ ထည့်လိုက်ကြသည်။ မိုးကစဲသွားပြီမို့ တစ်ယောက်ပြီးတစ်ယောက် လိုရာခရီးကို ထွက်သွားကြသည်။ သူတို့ညီအစ်ကို နှစ်ယောက်ပဲ အမိုးလေးအောက် ကျန်ခဲ့သည်။

(၂)

ညီလေးကို ရင်ခွင်ထဲ ထွေးပွေ့ထားရင်း မြင့်ဦးတစ်ယောက် ခွက်လေးထဲက ပိုက်ဆံအကြွေများကို လွယ်အိတ်စုတ်လေးထဲ ထည့်လိုက်သည်။ ညစ်ပတ်နံစော်နေပေမယ့် သည်အနံ့အသက်များက သူတို့အတွက် မထူးဆန်းတော့ပေ။ အမှိုက်ပုံဘေး မိုးကာတဲလေးထိုးနေရသည့်ဘဝမှာ လမ်းဘေးက အမှိုက်တွေနှင့် သူတို့ဘဝအတူတူပင်။ သက်ရှိလူသားတွေဆိုပေမယ့် ဘယ်သူကမွေးလို့ ဘယ်ဇာတိရပ်ရွာဆိုတာ သူမသိ။ ဖွားမယ်ရင်က သူတို့ညီအစ်ကိုကို သူနေသည့်အမှိုက်ပုံလေးနားက တဲလေးတွင် ခေါ်ယူမွေးစားထားသည်ဟု ပြောသည်။ သူသုံးနှစ်သားခန့်တွင် အမှိုက်ပုံနား ယောင်လည်လည်ဖြစ်နေ၍ ဖွားမယ်ရင်က ခေါ်မွေးစားလိုက်သည်။ သူရောက်ပြီး သိပ်မကြာပေ လသားအရွယ်ကလေးလေး သူတို့အမှိုက်ပုံနား လာပစ်ထားတော့ ဖွားမယ်ရင်ကပဲ ခေါ်ထားရတော့သည်။

ညီလေးနှင့်သူ ဘာမှသွေးမတော်သော်လည်း သူတို့ညီအစ်ကိုရင်းတမျှ ချစ်သည်။ အသားအရေလေး ဖြူဖွေးနေသည့် ညီလေးက အလွန်ချစ်စရာကောင်းသည်။ မည်းညစ်ပေတူးနေတာတောင် ရယ်လိုက်ရင် ချစ်စရာလေးမို့ တုန်မတတ် ချစ်မိသည်။

ယခု ဖွားမယ်ရင်က နေမကောင်းဖြစ်နေသည်။ အသက်အရွယ်လည်း ကြီးပြီဆိုတော့ သိပ်အဝေးကြီးမသွားနိုင်။ ဒါပေမယ့် သူများလာပစ်တဲ့ အမှိုက်တွေထဲက ရောင်းလို့ရမယ့်ဟာလေးတွေတော့ ရှာတတ်သည်။ သူပြန်လာလျှင် သွားရောင်းခိုင်းတတ်သည်။ အဝေးကိုသွားပြီး မတောင်းရမ်းနိုင်တော့ပေ။ သူတို့ညီအစ်ကိုနှစ်ယောက်ပဲ ဝမ်းရေးအတွက် လာတောင်းနေတာ တစ်လကျော်ပြီ။

တစ်နေကုန် လည်တောင်းသည်။ ဗိုက်ဆာလာလျှင် နီးရာဆိုင်လေးမှာ မုန့်လေးဝယ်စားပြီး လူတကာနား ခွက်လေးခံ တောင်းရမ်းရသည်။ တချို့က မောင်းထုတ်သည်။ တချို့က လှည့်မကြည့်။ တချို့က မကြည့်ပေမယ့် ထွက်သွားပြီးရော ထည့်လိုက်သည်။ တချို့က လိုလိုလားလား သနားစရာလေးမို့ ပေးသွားကြသည်။

(၃)

စိုထိုင်းထိုင်း အနံ့အသက်တွေက အော်ဂလီဆန်ပေမယ့် သူတို့အတွက် မထူးဆန်းပေ။ နားခိုရာတဲလေးထဲဝင်ရင်း လမ်းထိပ်အသုပ်ဆိုင်က ခေါက်ဆွဲသုပ်လေးကို သံပန်းကန်ပြားထဲထည့်လိုက်သည်။

ဖွားမယ်ရင် ချက်ထားသော ထမင်းနှင့် အားရပါးရစားလိုက်ကြသည်။ ခေါက်ဆွဲသုပ်နှစ်ပွဲတစ်ထောင်။ ကျန်သည့် ပိုက်ဆံလေးကို ဖွားမယ်ရင်ကို ပေးလိုက်သည်။ ဖွားမယ်ရင် ပန်းကန်ဆေးနေစဉ် မိုးကသည်းသည်းမဲမဲ ရွာလာပြန်သည်။

“နံစော်နေတာပဲနော်။ ကလေးတွေက ရေမချိုးကြဘူးလားမသိဘူး။ ငါ အန်ချင်လာပြီ”

နေ့လယ်က မိုးခိုရင်း ပြောနေကြသော စကားကို အမှတ်ရရင်း သူရေချိုးချင်လာသည်။

“ညီလေး ကိုကြီးတို့ မိုးရေချိုးရအောင်”

ဖွားမယ်ရင်ကို ခွင့်တောင်းပြီး ညီလေးလက်ကိုဆွဲကာ မိုးရေထဲ ပြေးထွက်လာသည်။ ညီအစ်ကိုနှစ်ယောက် ခုန်ပေါက်ကာ မိုးရေထဲ ပျော်နေကြတော့သည်။ ဆပ်ပြာမှုန့်ထုပ်လေးထဲက ကျန်နေသည့် ဆပ်ပြာလေးနှင့် ညီအစ်ကိုနှစ်ယောက် ပွတ်တိုက်ရင်း ပျော်နေကြသည်။ အဝတ်တွေကိုလည်း သေချာညှစ်လျှော်လိုက်သည်။ သူတို့တဲလေးထဲဝင်လာတော့ ခိုက်ခိုက်တုန်နေကြပြီ။ ပုဆိုးစုတ်လေးနှင့် ရေစိုသုတ်ရင်း ညီလေးကို ပတ်ထားလိုက်သည်။

“ဟဲ့…မြင့်ဦး ဖွားမေ့နေတာ နေ့လယ်က အမှိုက်ပုံနား သူများလာပစ်ထားတာ ထင်တယ် အဝတ်ထုပ်ကြီး။ နည်းနည်းပြဲပေမယ့် ဝတ်လို့ရသေးတယ်။ မြေးတို့အရွယ် အဝတ်တွေတော့ ဖွားစောင်အောက်မှာ ထားထားတယ်”

“ဟုတ်လား အဖွား”

သူဝမ်းသာအားရ စောင်အောက်ထဲက အထုပ်လေးကိုယူကာ ဖွင့်လိုက်သည်။ ကာလာစုံအဝတ် ဆယ်ထည်လောက်မို့ သူပျော်သွားသည်။ ညီလေးနှင့် နည်းနည်းကြီးပြီး သူနှင့်နည်းနည်းငယ်ပေမယ့် ဝတ်ရတာ အဆင်ပြေသည်။ သန့်သန့်ရှင်းရှင်း အဝတ်အစားလေးတွေနှင့် ချစ်စရာကောင်းသော သူတို့နှစ်ယောက်ကိုကြည့်၍ ဖွားမယ်ရင် ပြုံးနေတော့သည်။

“ရုပ်ရည်သန့်သန့်လေးတွေ ဘယ်မိဘတွေများ ပစ်ထားခဲ့တာလဲ။ ကံဆိုးလိုက်တဲ့ ကလေးတွေ”

စိတ်ထဲမှာပြောနေရင်း ခေါင်းလေးရမ်းကာ အိပ်ရာလေးထဲ လှဲလိုက်သည်။ အသက်ကြီးလာသည့် သူ့အတွက် လူ့လောကကြီးကို နှုတ်ဆက်ဖို့အဆင်သင့်ဖြစ်နေပေမယ့် ဒီကလေးနှစ်ယောက်အတွက် စိတ်ပူရင်လေးမိသည်။ ကိုယ်တိုင်လည်း လမ်းဘေးနေ လမ်းဘေးစားဘဝမို့ ဒီကလေးနှစ်ယောက်ကို လမ်းပေါ်မှာ မရှင်သန်စေချင်။ တစ်ခုခုကို လုပ်ပေးမှရမည်ဟုတွေးရင်း ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်မိသည်။ ကလေးနှစ်ယောက်က သူ့ဘေးလေးမှာ ကွေးကွေးလေး အိပ်မောကျနေပေပြီ။

စောင်အနွမ်းလေးကို လွှမ်းခြုံပေးရင်း ကိုက်ခဲလာသောဝေဒနာကို အံကြိတ်ကာ အသက်ကို ဝဝရှူလိုက်သည်။ အပြင်မှာက မိုးကသည်းသည်းမဲမဲ ရွာနေတော့သည်။

(၄)

“ဖွား… သားတို့ ဘယ်သွားကြမှာလဲ”

မေးလာသော မြင့်ဦးစကားကြောင့် ဖွားမယ်ရင် ပြုံးလိုက်သည်။

“ဖွားရဲ့မောင်ရှိတဲ့ နေရာကိုပါ။ ဖွားရဲ့ တစ်ဦးတည်းသော ဝမ်းကွဲမောင်ပေါ့။ သူက ဘုန်းကြီးကျောင်းမှာ ကပ္ပိယ လုပ်နေတာလေ။ မြေးတို့ကို သူ့နား အပ်ထားရမယ်လေ။ လမ်းဘေးမှာ ဒီလို လိုက်တောင်းနေရင် မြေးတို့ဘဝ ရေရှည် မလွယ်ဘူး။ သူတစ်ပါးအထင်သေးစရာ ဖြစ်ပြီး ဒီလိုဘဝကြီးနဲ့ အဆုံးသတ်သွားမှာ မလိုလားဘူးလေ”

ညီလေးက ရထားကြီးစီးနေရလို့ ပျော်နေသည်။ သူလည်း ပထမဆုံး သည်လိုရထားကြီးစီးပြီး ခရီးသွားရတာမို့ စိတ်လှုပ်ရှားကာ ပျော်မိသည်။

“သားတို့ အမှိုက်ပုံနား မနေရတော့ဘူးပေါ့နော်”

“ဟုတ်တယ် မနေရတော့ဘူး။ တစ်လလောက် ပိုက်ဆံလိုက်တောင်းရတဲ့ဘဝကို မေ့လိုက်တော့မြေး။ အဲဒီဘဝကို ထားခဲ့လိုက်တော့။ အခုရောက်မယ့်နေရာမှာ မြေးနှစ်ယောက်ရဲ့ အနာဂတ်ကို လှလှပပလေး ဖြစ်စေချင်တယ်ကွယ်”

အဖွား၏ ပြောစကားများကို သူကောင်းကောင်း နားမလည်ပေမယ့် စိတ်ထဲပျော်နေမိသည်က အမှန်ပင်။ ဝေး၍ကျန်ရစ်ခဲ့သော မြို့လေးကို လက်ပြနှုတ်ဆက်မိသည်။ ညီလေးက ဖွားရင်ခွင်ထဲမှာ အိပ်ပျော်သွားလေပြီ။

(၅)

ဖွားမယ်ရင်၏ မောင်နားရောက်ပြီး နှစ်လလောက်မှာ ဖွားမယ်ရင်ဆုံးသည်။ ကျောင်းထိုင်ဘုန်းကြီးနှင့် ကပ္ပိယကြီးတို့ကပဲ သူတို့ညီအစ်ကိုနှစ်ယောက်ကို မွေးစားလိုက်သည်။ သူကျောင်းနေရသည်။ ညီလေးလည်း နီးစပ်ရာမူကြိုသို့ ပို့ပေးသည်။ ဘုန်းကြီးကျောင်းသားလေးများအဖြစ်နေထိုင်ရင်း ကျောင်းဝေယျာဝစ္စ တတ်နိုင်သလောက် လုပ်ပေးကြရင်း အချိန်ရာသီတို့ ပြောင်းလဲခဲ့လေပြီ။

ကျောင်းထိုင် ဘဘုန်းလည်း ပျံလွန်တော်မူခဲ့ပြီ။ ကပ္ပိယဘကြီးလည်း မနှစ်ကမှ ကွယ်လွန်သွားလေပြီ။ သူဆယ်တန်းဖြေပြီးကာစ။ ညီလေးကလည်း ခုနစ်တန်းကျောင်းသား။ ဆယ်တန်းဖြေပြီးကတည်းက ဘဘုန်း၏ ဆက်သွယ်ပေးမှုကြောင့် ကုန်စုံဆိုင်မှာ အလုပ်သမား ဝင်လုပ်နေပြီဖြစ်သည်။

ယခု အားကိုးစရာမရှိတော့၍ ရပ်ကွက်ထဲမှာပဲ အသိတစ်ယောက်အိမ် အိမ်ငှားနေလိုက်သည်။ ကုန်စုံဆိုင်ဆိုတော့ လခအပြင် ပစ္စည်းထမ်းခက နေ့တိုင်းအပိုဝင်ငွေရ၍ သူတို့ညီအစ်ကိုနှစ်ယောက်အတွက် အဆင်ပြေသည်။

ဆယ်တန်းကို နှစ်ချင်းပေါက် သူအောင်ခဲ့သည်။ အလုပ်ရှင်ရဲ့ကျေးဇူးကြောင့် အဝေးသင်တက်ရင်း ဘွဲ့တစ်ခုကို ပိုင်ဆိုင်နိုင်ခဲ့သည်။ သူ့ဘွဲ့ရတော့ ကုန်ထမ်းစရာမလိုတော့ အလုပ်ရှင်က ဂိုထောင်မှူးရာထူးကိုပေးပြီး စာရင်းကိုင်ခိုင်းသည်။ လစာလည်းကောင်း၍ အဆင်ပြေသည်။ ချစ်စရာညီငယ်လေးကတော့ ဆယ်တန်းကို နှစ်ဘာသာဂုဏ်ထူးပါ၍ ကွန်ပျူတာတက္ကသိုလ်ဒုတိယနှစ် တက်နေပြီဖြစ်သည်။ ရည်မှန်းချက်နှင့် ကြိုးစားသည့် ညီလေးက ဆယ်တန်းအောင်ကတည်းက သူ့ဆရာမ ဆက်သွယ်ပေးမှုနှင့် ဆယ်တန်း (Guide) လိုက်လုပ်နေတာ ယခုချိန်ထိပင်။ သူ့ကျောင်းစရိတ်အပြင် အပိုဝင်ငွေပါရနေပြီမို့ သူတို့ညီအစ်ကိုနှစ်ယောက်အတွက် အနာဂတ်ကလှပနေပြီဖြစ်သည်။

(၆)

လောကကံကြမ္မာအရ စွန့်ပစ်ခံအမှိုက်ကလေးများဟု ဆိုသော်လည်း ကံဇာတာဖေးမမှုကြောင့် သီအိုရီများ ပြောင်းလဲရပေပြီ။ အနာဂတ်ဟူသည် ပြော၍မရသည့် ဘဝများဖြစ်သဖြင့် ကြိုတင်ဟောကိန်းထုတ်မရပေ။

ရှေးရေစက်ကြောင့် ဖွားမယ်ရင်၊ သူနှင့် ညီလေးတို့ ဆုံစည်းခဲ့ကြသည်။ သွေးမတော်သားမစပ် အတူတူနေခွင့်ရသည်။ လမ်းဘေးနေ လမ်းဘေးစားဘဝမှ အကြောင်းကြောင်းကြောင့် နေရာသစ်တစ်ခုမှာ ခိုလှုံခွင့်ရခဲ့ပြီး ဘဝပေးအခြေအနေက ပြောင်းလဲသွားလေပြီ။ အမိုးတစ်ခုမှာ ခိုခဲ့ကြတုန်းက လူအမျိုးမျိုးရဲ့ အဆိုးဆုံး အနာဂတ်ကို ပုံဖော်ခြင်းခံလိုက်ရသည့် သူတို့ညီအစ်ကိုနှစ်ယောက်။ တခြားတစ်နေရာမှာ ယခုကဲ့သို့ ပညာတတ်လေးများ ဖြစ်နေပြီဆိုသည်ကို သူတို့သိပါလေစ။ သူတို့တွေကော ဘယ်လိုမျိုး ဖြတ်သန်းနေကြလည်း သူသိချင်မိသည်။

မတူညီသည့် ဘဝများစွာမှာလည်း ဖြတ်သန်းလာရသည့် ဘဝများမတူညီပေ။ မညီမျှသည့် လောကကြီးတွင် နိမ့်ကျသူကို နိမ့်ချစမြဲနိယာမမို့ သူတို့လိုလူများကိုလည်း လှပသည့်အနာဂတ်ဟူသည် ဖြစ်မလာနိုင်ဟု ထင်ကြပေလိမ့်မည်။ သူတို့ကံကောင်းသည်။ လူကောင်းများနှင့် ရှင်သန်ခွင့်ရခဲ့သည်။ အနာဂတ်တွေ ချိုမြိန်ခဲ့ရသည်။ ဖွားမယ်ရင်၊ ဘဘုန်း၊ ဘကြီးတို့က သူတို့၏ကျေးဇူးရှင်များမို့ အခွင့်ကြုံတိုင်း ရည်စူးအလှူဒါနပြုပေးခဲ့သည်။

စာရင်းဇယားတွေလုပ်ရင်း အပြင်မှာ မိုးက သည်းသည်းမဲမဲရွာလိုက်တာမို့ သူပြုံးလိုက်မိသည်။ မညီမျှသော်လည်း လူတိုင်းအတွက် အဖြေရှိသည့် သီအိုရီကတော့ရှိနေပါလားလို့တွေးလိုက်မိတော့သည်။ ။

ဆောင်းပါး

# အလေးထားဆွေးနွေး စနစ်သစ်ပညာရေး

## အောင်သွေး( မြစ်သား)

ယနေ့ကမ္ဘာပေါ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူတို့၏နေထိုင်မှုပုံစံ အတွေးအခေါ်များသည်လည်း ခေတ်နှင့်အညီ ပြောင်းလဲလာပါသည်။

ပြောင်းလဲလာသည်ဆိုရာ၌ အပြုသဘောဘက်ကို ပြောင်းလဲသွားသူများရှိသလို အပျက်သဘောဘက်ကို ဦးတည်သွားကြသူများလည်းရှိပါသည်။ အချို့သည် နည်းပညာကိုအသုံးချ၍ ဘဝတက်လမ်းကို ကြိုးစားရှာဖွေကြသည်။အချို့သည် နည်းပညာထောင်ချောက်တွင် ပိတ်မိပြီး ဘဝနစ်မွန်းသွားကြသည်။

ထိုသို့ကွဲပြားသွားကြခြင်းမှာ ကိုယ်ပိုင်အတွေးအခေါ် အယူအဆများ မတူညီသောကြောင့်ဖြစ်ပါသည်။

အတွေးအခေါ်သည် ပညာပေါ်တွင်အခြေခံပါသည်။

“ ပညာဟူသည် ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်အတတ်” ဟု အဘိဓာန်ကဖွင့်ဆိုထားပါသည်။ မည်သည့်အရာများကို ခွဲခြမ်းသိမြင်နိုင်ရမည်နည်းဆိုလျှင် အမှား အမှန်၊အကောင်း အဆိုး၊ အကြောင်း အကျိုးကို ခွဲခြမ်းစိတ်ဖြာနိုင်ရမည်။ မိမိအတွက် လမ်းမှားလား၊ လမ်းမှန်လား စိစစ်ပိုင်းခြားနိုင်ရမည်။ သို့အတွက် ကလေးအရွယ် နုနယ်စဉ်ကပင် အသက်အရွယ်အလိုက် ပညာအခြေခံ အတွေးအခေါ်များကို ထည့်သွင်းလေ့ကျင့်ပေးရမည်။

မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသော (KG+12) စနစ်သစ်ပညာရေးတွင် စဉ်းစားတွေး ခေါ်တတ်စေမည့် မေးခွန်းများ(Thinking Questions)၊ လေ့ကျင့်ခန်းများကို သင်ခန်းစာတိုင်းတွင် ထည့်သွင်းထားပါသည်။ ပုံနှိပ်စာအုပ်ထဲမှ တိုက်ရိုက်ကူးချဖြေ၍မရသည့် မေးခွန်းမျိုး၊ မိမိတို့၏ ထင်မြင်ယူဆချက်ကိုသာ ဖြေဆိုရသည့်မေးခွန်းမျိုး၊ မိမိတို့၏ နေ့စဉ်ဘဝဖြတ်သန်းမှုကို အခြေခံပြီး ဖြေဆိုရသည့်မေးခွန်းမျိုး စသည့်အတွေးအခေါ်ကို ဦးစားပေးသည့်မေးခွန်းများ ပါဝင်သည်။ ထိုသို့ လေ့ကျင့်ပေးခြင်းသည် ကလေးများ၏အတွေးအခေါ်ကို ပုံနှိပ်စာအုပ်ထဲတွင်သာ ရပ်တန့်မနေစေဘဲ အပြင်လောကသို့တိုင်ဖြန့်ကြက်သွားစေလို၍ဖြစ်ပါသည်။

ယခင်စနစ်ဟောင်းပညာရေးသည် ဆရာဗဟိုပြုသင်ကြားနည်းဖြစ်ပြီး ဆရာကပဲ ရှေ့ကဦးဆောင်သွားသည်။ ယခုစနစ်သစ်ပညာရေးသည် ကျောင်းသားဗဟိုပြုသင်ကြားနည်းဖြစ်ပြီး ကျောင်းသားများကို ဦးဆောင်ဆွေးနွေးစေသည်။ ဆရာက သင်ခန်းစာသဘောတရားကို သေချာရှင်းပြပြီး ကလေးများက အုပ်စုလိုက်ဆွေးနွေးခြင်း၊ အုပ်စုတစ်ခုနှင့်တစ်ခု အဖြေဖလှယ်ခြင်း၊ အုပ်စုတစ်ခု၏အဖြေကို အခြားအုပ်စုက ပြန်လည်ဆွေးနွေးခြင်း စသဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမှသည် အတွေးအခေါ်လမ်းစဖွင့်ပေးပြီး ပြဿနာတစ်ရပ်ကို ကိုယ်တိုင်ဖြေရှင်းနိုင်သည်အထိ လေ့ကျင့်စေပါသည်။

ဆရာကြီး ဒေါက်တာခင်မောင်ဝင်း( သင်္ချာ) ရေးသားသည့် “ ယဉ်ကျေးသောလူ့အဖွဲ့အစည်းအတွက် ပညာရေးစနစ်” ဆိုသော ဘာသာပြန်ဆောင်းပါးကို မြတ်ပညာမဂ္ဂဇင်းတွင် ဖတ်လိုက်ရပါသည်။ ထိုဆောင်းပါးထဲတွင်ပါဝင်သည့် ရှေးဂရိလူမျိုးတို့၏ပညာရေးကို အလွန်လေးစားမိပါသည်။ ဂရိတို့ပညာရေးတွင် အခြေခံစနစ်ထက်ပိုသော စနစ်မရှိ၊ အထက်တန်းကျောင်းများမရှိ၊ တက္ကသိုလ်များမရှိ၊ ပညာရှင်အနည်းစုသာရှိသည်။ အေသင်မြို့သူမြို့သားအတော်များများ စာရေးစာဖတ်မတတ်ကြပါ။ စာဖတ်တတ်သူများအဖို့ ဖတ်စရာစာအုပ်များလည်းမရှိပါ။ ပညာရှင်များရေးသားသော စာမူများသာရှိပါသည်။

အေသင်မြို့သားများကို လေးစားမိသည်မှာ သူတို့၏ပညာရေးသည် စာဖတ်ခြင်း၊ ကျောင်းတက်ခြင်းတို့မှ ရရှိခြင်းမဟုတ်ဘဲ အပြန်အလှန် စကားပြောခြင်း၊ ဆွေးနွေးခြင်းမှရရှိသည်။ ထိုဆောင်းပါးထဲတွင် ခရစ်ယာန်ဘာသာရေးခေါင်းဆောင် စိန့်ပေါ (St.Paul) အေသင်မြို့သို့သွားခဲ့စဉ်က “ အေသင်မြို့သားတွေဟာ အချိန်ရှိသရွေ့ တစ်ခုခုကိုဆွေးနွေးခြင်း၊ တစ်ခုခုကိုပြောနေခြင်း သို့မဟုတ် လူများပြောတာကို နားထောင်နေခြင်းတို့ကိုပဲ လုပ်နေကြတယ်” ဟု မှတ်ချက်ချခဲ့ပါသည်။

ဆိုကရေးတီး၏ ဒဿနကျမ်းတစ်ခုလုံးသည် အပြန်အလှန်စကားပြောရာမှ ရရှိခဲ့ခြင်းဖြစ်ပြီး အာရစ်(စ်)တိုတယ် နှင့်အီပီကုရပ်တို့ ဖွင့်လှစ်သော ဒဿနပညာဆိုင်ရာ သင်တန်းများတွင်လည်း အချင်းချင်းဆွေးနွေးရန် အခန်းများသာပါသည်ဟု ဖော်ပြထားပါသည်။

ဂရိတို့ပညာရေးကို ခြုံကြည့်လျှင် စကားပြောခြင်း၊ဆွေးနွေးခြင်းသည်သာ အဓိကဖြစ်သည်။ ထိုပညာရေးစနစ်သည် အဆင့်အတန်းမြင့်မားပြီး ယခုအချိန်ထိ ခေတ်မီနေသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံတွင် လက်ရှိအကောင်အထည်ဖော်နေသော ပညာရေးစနစ်သစ်သည်လည်း ကလေးများကို အပြန်အလှန်ဆွေးနွေးစေခြင်းများ အဓိကပါဝင်နေပေသည်။

သင်ရိုးသစ် အဌမတန်း မြန်မာစာတွင် သိပ္ပံမောင်ဝ ရေးသားသော “နှိုက်နှိုက်ချွတ်ချွတ်” ဆိုသည့် ဝတ္ထုဆောင်းပါးတွင် ကလေးများ၏ သဘာဝအရ သိချင်၊ တတ်ချင်၊ စူးစမ်းချင်စိတ်ကို အားပေးသည့် အနေနှင့် သူတို့မေးသည့်မေးခွန်းများကို လူကြီးများက အလေးထားအဖြေပေးသင့်ကြောင်း ရေးသားထားပါသည်။

အချို့မိဘများသည် ကလေးများကမေးလျှင် စိတ်ရှည်လက်ရှည်အဖြေမပေးကြ၊ တစ်ခါကနှစ်ခါမေးလာလျှင် လျှာရှည်တယ် ကိုယ့်နေရာကိုယ်နေစသဖြင့် ဆူငေါက်လိုက်သည်။ ထိုအခါ ကလေး၏ သိချင်စိတ်၊ စူးစမ်းချင်စိတ်သည် ငုပ်လျှိုးသွားတော့သည်။

အနောက်နိုင်ငံများသည် ကလေးများ၏ သိချင်၊ တတ်ချင်၊ စူးစမ်းချင်စိတ်ကို အထူးပင် အားပေးကြသည်ဟုဆိုသည်။ ကလေးများက မေးခွန်းမေးလျှင် ကလေးအရပ်နှင့်အညီ ဒူးတုပ်သင့်တုပ်၊ ထိုင်သင့်ထိုင်ပြီး (eyes level) ခေါ် ကလေး၏မျက်လုံးနှင့် တစ်တန်းတည်းကြည့်ပြီး ဂရုတစိုက်ဖြေပေးကြသည်။ သူငယ်ချင်းလိုတစ်မျိုး၊ မိဘလိုတစ်သွယ်၊ ဆရာလိုတစ်ဖုံ အလေးထား ဆွေးနွေးပေးကြသည်။

တစ်ခါက ဆရာတော်တစ်ပါးနှင့် စကားလက်ဆုံကျစဉ် ဆရာတော်က “တရားဟောမယ်ဆိုရင် အနောက်နိုင်ငံက သိပ်လက်မခံချင်ကြဘူးကွ တရားဆွေးနွေးမယ်ဆိုမှ သူတို့က သဘောကျတာ” ဟု မိန့်ဖူးပါသည်။

ဆွေးနွေးတိုင်ပင်ခြင်းအားဖြင့် အတွေးအခေါ်ဆန်းသစ်လာခြင်း၊ ကိုယ်မသိသေးသော အကြောင်းအရာကို သိခွင့်ရခြင်း၊ သူတစ်ပါး၏အတွေ့အကြုံမှ သင်ခန်းစာရရှိခြင်း၊ ကိုယ့်ထက်အတွေးအခေါ် ပညာသာလွန်သူထံမှ အတုယူနိုင်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း၊ ဆွေးနွေးရင်းဖြင့် နောက်ဆုံးတွင် အနှစ်သာရရှိသည့်သင်ခန်းစာများကျန်ရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိပါသည်။

ကျွန်တော်တို့ငယ်စဉ်ကဆိုလျှင် ဘကြီးထွန်းအိမ်သွားပြီး ညတိုင်းပုံပြင်နားထောင်ကြသည်။ လျှပ်စစ်မီးမရှိ၊ဖုန်းမရှိ၊တီဗီမရှိချိန်တွင် ဘကြီးထွန်း၏ ပုံပြင်များက ကျွန်တော်တို့အတွက် တစ်နေ့တာအမောများကို ပြေပျောက်စေခဲ့သည်။ ဘကြီးထွန်း ပုံပြင်ပြောနေစဉ် ကျွန်တော်တို့က သိချင်သည်များကို မအောင့်နိုင် ဖြတ်ဖြတ်ပြီး မေးကြသည်။ ဘကြီးထွန်းကလည်း စိတ်ရှည်ရှည်နှင့်ရှင်းပြပြီး ပုံပြင်ကိုဆက်သည်။ ပုံပြင်ပြီးသွားသည့်အခါ ရင်ထဲမကျေနပ်သည်များရှိလျှင် ချက်ချင်းမေးကြသည်။

> ❛ အနောက်နိုင်ငံများသည် ကလေးများ၏ သိချင်၊ တတ်ချင်၊ စူးစမ်းချင်စိတ်ကို အထူးပင် အားပေးကြသည်ဟုဆိုသည်။ ကလေးများက မေးခွန်းမေးလျှင် ကလေးအရပ်နှင့်အညီ ဒူးတုပ်သင့်တုပ်၊ ထိုင်သင့် ထိုင်ပြီး (eyes level) ခေါ် ကလေး၏မျက်လုံးနှင့် တစ်တန်းတည်းကြည့်ပြီး ဂရုတစိုက်ဖြေပေးကြသည်။ သူငယ်ချင်းလိုတစ်မျိုး၊ မိဘလိုတစ်သွယ်၊ ဆရာလိုတစ်ဖုံ အလေးထားဆွေးနွေးပေးကြသည်။ ❜

ကျေနပ်မှသာ ကိုယ့်အိမ်ကိုပြန်ကြသည်။

ကလေးများကို ပုံပြင်ပြောပြခြင်းသည် သူတို့၏ စိတ်ကူးစိတ်သန်းများကို လှုံ့ဆော်ပေးရာရောက်ပါသည်။ ပုံပြင်ပြီးဆုံးသွားသည့်အခါ ကလေးများ၏ ထင်မြင်ယူဆချက် အမျိုးမျိုးကို မေးမြန်းပြီး သူတို့ကိုယ်တိုင် ပုံပြင်ထဲမှ သင်ခန်းစာကို ထုတ်နုတ်ရယူစေနိုင်သည်။

အချုပ်ဆိုရသော် ကလေးများကိုအချိန်ပေးပြီး သူတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ စကားပြောခြင်း၊ သိချင်စိတ်ကို လှုံ့ဆော်ပေးခြင်းများ ပြုလုပ်ပေးရမည်။

နည်းပညာ တိုးတက်နေသောခေတ်တွင် ကလေးများ၏ အတွေးအခေါ်လည်း မြင့်မားရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အမျိုးသားပညာရေးမြင့်မားစေရန် စနစ်သစ်သင်ရိုးနှင့်အညီ ကလေးများကို အစွမ်းကုန် ဦးနှောက်ဖွင့်စေပြီး သူတို့သိချင်သမျှကို အလေးထားဆွေးနွေး ပေးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ဂုဏ်ယူဝင့်ကြွား အမျိုးသမီးများ

❖ မြန်မာပြည်ရဲ့ ရတနာ
တင့်ရှန်းလှဝေဖြာ။
သံသာခွန်းခြွေ လှတရား
အမျိုးသမီးများ။
❖ အံ့ချီးလေးစား ဂုဏ်ယူဖွယ်
ဘက်စုံပညာကြွယ်။
လူမှုနယ်ပယ် ကျန်းမာရေး
ထူးချွန်ဉာဏ်ရည်သွေး။
❖ ရင်မှာထွေးပွေ့ စွမ်းဆောင်ရှင်
မုဒိတာသခင်။
မေတ္တာစွမ်းအင် ဇွဲမာန်ကြီး
နိုင်ငံတော်ရဲ့ထီး။
❖ နိုင်ငံ့သမီး ပြုံးကိုယ်စီ
တက်လှမ်းရှေ့သို့ချီ။
မြန်မာပြည်နယ် ဂုဏ်ရည်ဆင့်
ထူးတဲ့အောင်လံလွှင့်။
❖ ထူးချွန်မြင့်မြတ် ပြုံးပန်းဝေ
အမျိုးသမီးတွေ။
ဂုဏ်ပြုစို့လေ စဉ်မမေ့
ဇူလိုင်သုံးရက်နေ့။ ။

မောင်ကြည်လင်(ရွှေကြိုးကြာ)

## လမြတ်ဝါဆို

❖ ရာသီကရက်ဠ် လဝါဆို
တောတောင်စိမ်းလန်းစို။
ရွှေမိုးကညို လေပြည်သွေး
ကွင်းပြင်ရေဖွေးဖွေး။
❖ ပုလဲရောင်သွေး ပုန်းညက်ဖြူ
ဖူးပွင့်မွှေးကြူကြူ။
မြတ်လေးတစ်မူ ရန့်သင်း
လှပမြိုင်ယံတွင်း။
❖ ပဥ္စင်းခံပွဲ ကျင်းပကာ
ဝါဆိုပွဲတော်ခါ။
မိကျောင်းပန်းပွင့်ကာ ချောင်းတစ်ကြော
ဖွေးဖွေးဖြူလို့ပေါ။
❖ သန္ဓေ တောထွက် တရားဦးပါ
ဗုဒ္ဓဟောကြားကာ။
တန်ခိုးပြာဋိဟာ ပြရှာပေ့
ဝါဆိုလပြည့်နေ့။
❖ ရှိးရာမလေ့ တရားသဘင်
ပြုလုပ်မြို့တိုင်းပင်။
ရဟန်းထေရ်ရှင် ဝါကပ်ကြ
ထူးမြတ်ဝါဆိုလ။

ရွှေတိုး – ထုံးဘို

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၇ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၈၂,၆၅၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၆၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၇၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၅၉) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၇၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၃၃၀) ခု | (၆) ဦး |
| စုစုပေါင်း | (၅,၂၄၃) ခု | (၁၄) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၅၀၇၀၈၃ | ၈၄၉၈၇၁၄၃ | ၁၀၄၃၂၈၁ |
| ၂။ | အိန္ဒိယ | ၄၃၄၈၈၅၁၉ | ၄၂၈၅၁၅၉၀ | ၅၂၅၁၆၈ |
| ၃။ | ဘရာဇီး | ၃၂၄၃၄၂၀၀ | ၃၁၀၈၇၃၆၈၂ | ၆၇၁၇၆၄ |
| ၄။ | ပြင်သစ် | ၃၁၂၀၈၉၂၅ | ၂၉၆၂၀၉၃၇ | ၁၄၉၅၈၅ |
| ၅။ | ဂျာမနီ | ၂၈၃၉၂၆၂၉ | ၂၆၇၂၅၈၀၀ | ၁၄၁၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၇၄၁၀၆၅ | ၂၂၁၅၁၉၆၄ | ၁၈၀၄၁၇ |
| ၇။ | အီတလီ | ၁၈၆၁၀၀၁၁ | ၁၇၅၁၂၅၈၀ | ၁၆၈၄၂၅ |
| ၈။ | ရုရှား | ၁၈၄၃၆၆၇၉ | ၁၇၈၆၅၀၉၃ | ၃၈၁၂၁၆ |
| ၉။ | တောင်ကိုရီးယား | ၁၈၃၇၉၅၅၂ | ၁၈၂၁၄၅၀၁ | ၂၄၅၆၂ |
| ၁၀။ | တူကီယဲ | ၁၅၁၂၃၃၃၁ | ၁၅၀၀၅၂၄၉ | ၉၉၀၃၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၄၈၁၂၇ | ၉၆၉၉၃၅၇ | ၄၃၀၈၇ |
| ၂။ | အင်ဒိုနီးရှား | ၆၀၉၂၃၀၃ | ၅၉၁၈၆၄၃ | ၁၅၆၇၄၅ |
| ၃။ | မလေးရှား | ၄၅၆၈၈၂၈ | ၄၅၀၂၈၄၀ | ၃၅၇၇၁ |
| ၄။ | ထိုင်း | ၄၅၂၇၇၇၇ | ၄၄၇၂၃၇၃ | ၃၀၆၈၄ |
| ၅။ | ဖိလစ်ပိုင် | ၃၇၀၆၉၅၁ | ၃၆၃၇၂၆၈ | ၆၀၅၇၈ |
| ၆။ | စင်ကာပူ | ၁၄၅၃၁၅၅ | ၁၃၅၂၁၄၈ | ၁၄၁၅ |
| ၇။ | မြန်မာ | ၆၁၃၆၄၂ | ၅၉၂၅၇၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၃၀၆ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၆၃၉၀၀ | ၁၅၇၆၆၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၉၀ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Hanako Disposable Syringe (20ML) ၈၈၃၂ ခု၊ Hanma Disposable Syringe (3Ml) ၂၆၄၀၊ Hanako Scalp Vein Set ၁၆၃၂၀၊ Sino Infusion Set With 22G Neddle ၆၈၆၀၊ Hanako Infusion Set အခု ၈၁၆၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၈၇၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဝေါမြို့နယ်၌ စိုက်ပျိုးရေးမွေးမြူရေး ကုန်ထုတ်လုပ်မှုတိုးတက်ရေးအသိပညာပေး ဆွေးနွေး

ပဲခူး ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝေါမြို့နယ် ကမာကဘန်ကျေးရွာနှင့် ဘုရားပျို ကျေးရွာများသို့ စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်မှုတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲတွင် ငါးရစ်ငါးသန်ကာလ ငါးမဖမ်းကြရန်နှင့် တားမြစ်ချက်များကို ဖောက်ဖျက်ပါက ရေချိုငါးလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းများ ရှင်းလင်းခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ



ကန်တူးခြင်း၊ ငါးမွေးခြင်းများပြုလုပ်ပါက ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေများအရ အရေးယူခြင်းခံရနိုင်ကြောင်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အလင်းရောင်ညစ်ညမ်းခြင်းကြောင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု

ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

**ယနေ့ခေတ်တွင် သိပ္ပံနှင့်နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့်အလျောက် လူသားတို့အတွက် နေ့ရောညပါ ထိတွေ့နေရသောအရာတစ်ခုမှာ မီးအလင်းရောင်ပင်ဖြစ်သည်။ ကမ္ဘာကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေသော တီထွင်မှုများစွာထဲတွင် လျှပ်စစ်မီးသီးလည်းတစ်ခုအပါအဝင်ဖြစ်သည်။ လျှပ်စစ်မီးသီးများ၏ အလင်းရောင်ဖြင့် နယ်ပယ်အသီးသီးမှအလုပ်များကို နေ့ရောညပါအချိန်မရွေး ပြုလုပ်လာကြပါသည်။ အလုပ်လုပ်ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေပါသည်။ ထို့ကြောင့် လျှပ်စစ်မီးအလင်းရောင်သည် ခေတ်မီဖွံ့ဖြိုးခြင်းအတွက် အရေးပါသောအထောက်အကူတစ်ခုဖြစ်သည်။**

သို့သော် လူသားတို့ နေ့စဉ်အသုံးပြုနေသော လျှပ်စစ်မီးအလင်းရောင်သည် ညစ်ညမ်းမှုဖြစ်ပေါ်စေသည်ကို လူတိုင်းမသိကြသေးပေ။ မြေဆီလွှာညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနှင့် လေထုညစ်ညမ်းမှုတို့ကိုသာ အများဆုံးသိရှိကြပါသည်။ အလင်းရောင်ညစ်ညမ်းမှုကို သိရှိသူမှာ အလွန်နည်းပါးသည်။ ထို့ကြောင့် အလင်းရောင်ညစ်ညမ်းခြင်းဖြင့် လူသားတို့၏ကျန်းမာရေးအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို စာဖတ်သူများသိရှိစေရန်မျှဝေရေးသားလိုက်ပါသည်။

### ဇီဝနာရီနှင့် စည်းချက်မကိုက်ညီ

ယနေ့ခေတ်ကာလ နယ်ပယ်အသီးသီး၏ လုပ်ငန်းခွင်များတွင် အလင်းရောင်ကိုနေ့ရောညပါ ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြသည်။ လူသားတို့၏ လူမှုစီးပွားများကိုတိုးတက်စေသည်မှာ မှန်သော်လည်း အလင်းရောင်ညစ်ညမ်းမှုသည် ကျန်းမာရေးအပေါ်တွင် ဆိုးကျိုးများ သက်ရောက်စေပါသည်။ လူသားတို့၏ ခန္ဓာကိုယ်ထဲတွင် ဇီဝနာရီရှိပါသည်။ ထိုဇီဝနာရီနှင့် သင့်တင့်မျှတအောင်နေထိုင်မှသာလျှင် ကျန်းမာစွာရှင်သန်နေထိုင်နိုင်မည်ဖြစ်ပါသည်။ လူသားတို့အတွက် ဘယ်အချိန်မှာ အိပ်ရမည်၊ ဘယ်အချိန်မှာ အိပ်ရာထရမည်၊ ဘယ်အချိန်မှာ နားရမည်၊ ကိုယ်တွင်းကလီစာများက ဘယ်အချိန်မှာဘာလုပ်ရမည်စသောအခြေအနေများအားလုံးကို ဇီဝနာရီက ထိန်းချုပ်ထားပါသည်။ အကယ်၍ အလင်းရောင်ညစ်ညမ်းမှုကြောင့် လူသားတို့၏ ပြုမူနေထိုင်မှုပုံစံ ပြောင်းလဲသွားမည်ဆိုလျှင် ဇီဝနာရီနှင့် စည်းချက်မကိုက်ညီသောကြောင့် နေထိုင်မကောင်းခြင်း(သို့မဟုတ်) ဝေဒနာတစ်ခုခုကို ခံစားကြရမည်ဖြစ်သည်။

> **“အပြာရောင်အလင်းသည်လည်း လူသားတို့၏ မယ်လာတိုနင်ဟော်မုန်းထွက်ရှိမှုကို ကျဆင်းစေပါသည်။ ယနေ့ခေတ်လူသားတို့ အသုံးပြုနေသော ကွန်ပျူတာများ၊ စမတ်ဖုန်းများသည် အပြာရောင်အလင်းများထွက်ရှိပါသည်။ အိပ်ချိန်တွင် မအိပ်ဘဲ စမတ်ဖုန်းများ၊ ကွန်ပျူတာများကို အသုံးပြုနေမည်ဆိုလျှင် မယ်လာတိုနင်ဟော်မုန်းထွက်ရှိမှုမှာ မရှိသလောက်နည်းသွားမည်ဖြစ်သည်။ မယ်လာတိုနင်ဟော်မုန်းထွက်ရှိမှု နည်းပါးသွားလျှင် အိပ်ရေးမဝခြင်း၊ အဝလွန်ခြင်း၊ စိတ်ဖိစီးခြင်း၊ စိတ်အလိုမကျခြင်းနှင့် အခြားသောကျန်းမာရေးပြဿနာများကိုပါဖြစ်စေနိုင်ပါသည်။ အဆိုးဆုံးအနေဖြင့် ကင်ဆာရောဂါပင် ဖြစ်စေနိုင်သည်ဟု သုတေသီများက တွေ့ရှိထား”**

လူသားတို့၏ ခန္ဓာကိုယ်တွင် “မယ်လာတိုနင်” ဟုခေါ်သော ဟော်မုန်းတစ်မျိုးထွက်ရှိပါသည်။ ထိုဟော်မုန်းမှာ ဇီဝနာရီကြောင့်ထွက်ပေါ်လာခြင်းဖြစ်သည်။ မယ်လာတိုနင်ဟော်မုန်းတွင် ကိုယ်တွင်းခုခံအားကို တိုးမြှင့်ပေးရာတွင် မယ်လာတိုနင်ဟော်မုန်းသည် အဓိကကျသောနေရာမှ ပါဝင်သောပစ္စည်းဖြစ်သည်။ ဓာတ်တိုးခြင်းကို ဆန့်ကျင်သောဂုဏ်သတ္တိများရှိပါသည်။ ထို့ပြင် လူသားတို့၏ကိုယ်ခံအားကို တိုးမြှင့်ပေးရာတွင် မယ်လာတိုနင်ဟော်မုန်းသည် အဓိကကျသောနေရာမှ ပါဝင်သောပစ္စည်းဖြစ်သည်။

### အလင်းရောင်မရှိသောအချိန်တွင်သာထွက်ရှိ

မယ်လာတိုနင်ဟော်မုန်းသည် ကိုလက်စထရောကို လျှော့ချပေးသည်။ အလွယ်တကူ အိပ်ပျော်စေပြီး ကိုယ်တွင်းအင်္ဂါများ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှုတို့ကို ကူညီပေးပါသည်။ ထို့ကြောင့် လူ၏ခန္ဓာကိုယ်တွင် မယ်လာတိုနင်ဟော်မုန်းထွက်ရှိမှုသည် အရေးကြီးပါသည်။ မယ်လာတိုနင်ဟော်မုန်းသည် အလင်းရောင်မရှိသောအချိန်တွင်သာထွက်ရှိသည်။ ထို့ကြောင့် ညအချိန်တွင်လူက အိပ်နေသော်လည်း အလင်းရောင်ရှိနေလျှင် မယ်လာတိုနင်ဟော်မုန်းထွက်ရှိမှုကို နည်းပါးစေပါသည်။ အိပ်ချိန်တွင် ပုံမှန်မအိပ်ပါက လူသားတို့၏ ကျန်းမာရေးကိုထိခိုက်စေပါသည်။

ထို့ပြင် အပြာရောင်အလင်းသည်လည်း လူသားတို့၏ မယ်လာတိုနင်ဟော်မုန်းထွက်ရှိမှုကို ကျဆင်းစေပါသည်။ ယနေ့ခေတ်လူသားတို့ အသုံးပြုနေသော ကွန်ပျူတာများ၊ စမတ်ဖုန်းများသည် အပြာရောင်အလင်းများထွက်ရှိပါသည်။ အိပ်ချိန်တွင် မအိပ်ဘဲ စမတ်ဖုန်းများ၊ ကွန်ပျူတာများကို အသုံးပြုနေမည်ဆိုလျှင် မယ်လာတိုနင်ဟော်မုန်းထွက်ရှိမှုမှာ မရှိသလောက်နည်းသွားမည်ဖြစ်သည်။ မယ်လာတိုနင်ဟော်မုန်းထွက်ရှိမှု နည်းပါးသွားလျှင် အိပ်ရေးမဝခြင်း၊ အဝလွန်ခြင်း၊ စိတ်ဖိစီးခြင်း၊ စိတ်အလိုမကျခြင်းနှင့် အခြားသောကျန်းမာရေးပြဿနာများကိုပါဖြစ်စေနိုင်ပါသည်။ အဆိုးဆုံးအနေဖြင့် ကင်ဆာရောဂါပင်ဖြစ်စေနိုင်သည်ဟု သုတေသီများက တွေ့ရှိထားပါသည်။

### နေအိမ်ပြင်ပသို့ အလင်းရောင်မပြန့်စေရေး ဥပဒေများ ရေးဆွဲပြဋ္ဌာန်း

အလင်းရောင်ညစ်ညမ်းခြင်းကြောင့် လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေသော်လည်း ထိုပြဿနာများကို ကာကွယ်ထိန်းချုပ်ရန်မခက်ခဲလှပေ။ ယနေ့ခေတ် ဖွံ့ဖြိုးပြီးနိုင်ငံများပင် ညအချိန်တွင် နေအိမ်ပြင်ပသို့ အလင်းရောင်မပြန့်စေရေး ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းလာပြီဖြစ်သည်။ လျှပ်စစ်မီးချောင်း၊ မီးသီးများကို ထုတ်လုပ်သူများသည် အလင်းရောင်ညစ်ညမ်းမှုကို လျှော့ချပေးသည့်အပြင် စွမ်းအင်သုံးစွဲမှုကိုလည်း ချွေတာနိုင်မည့် စွမ်းဆောင်ရည်မြင့် မီးချောင်း၊ မီးသီးများကို ထုတ်လုပ်လာနေပြီဖြစ်သည်။ နေအိမ်တွင် မီးသီးအသုံးပြုသူများကလည်း နေအိမ်ပြင်ပရှိ မီးအလင်းရောင်များကို လိုအပ်သလောက်သာအသုံးပြုပြီး အလင်းရောင်ညစ်ညမ်းမှုကို လျှော့ချပေးနိုင်ပါသည်။

ထို့ပြင် အလင်းရောင်ကို မလိုအပ်သောနေရာများတွင် မကျရောက်စေရန်နှင့် သတ်မှတ်နေရာကိုသာရောက်ရှိစေရန် ပြုလုပ်ရပါမည်။ ညအချိန်တွင် အိပ်ခန်းအတွင်းအလင်းရောင်မရောက်စေရန် ခန်းဆီးများကို အသုံးပြုနိုင်ပါသည်။ ထိုအခါမှသာ ပြင်ပအလင်းရောင်ကြောင့် စိတ်အနှောင့်အယှက်မရှိဘဲ ကောင်းစွာအိပ်စက်အနားယူနိုင်မည်ဖြစ်သည်။ နောက်တစ်ချက်အနေဖြင့် မိမိအိမ်ထဲရှိ အခန်းလွတ်များကို မီးမထွန်းဘဲထားခြင်း (သို့မဟုတ်) လိုအပ်သလောက်သာ မီးထွန်းခြင်းနှင့် စမတ်ဖုန်းများအပါအဝင် လျှပ်စစ်ပစ္စည်းများကို အိပ်ရာမဝင်မီ ပိတ်ထားခြင်းဖြင့်လည်း လျှပ်စစ်အန္တရာယ်နှင့် အလင်းရောင်ညစ်ညမ်းမှုများကို လျှော့ချနိုင်ပါသည်။

### အလင်းရောင်ညစ်ညမ်းမှုကို လျှော့ချရန် နည်းလမ်းများ

အလင်းရောင်ညစ်ညမ်းမှုကို လျှော့ချရန်အတွက် အသုံးပြုနိုင်သော အခြားနည်းလမ်းများမှာ နည်းပညာကို အကျိုးရှိရှိအသုံးချခြင်းဖြစ်သည်။ အချိန်သတ်မှတ်ချက်အတိုင်း မီးလင်းစေမည့် (သို့မဟုတ်) လှုပ်ရှားမှုတွေ့မှ မီးလင်းစေမည့် အာရုံခံကိရိယာပါသော အလင်းပေးစနစ်မျိုးနှင့် အပူထွက်ရှိမှုနည်းပါးသော LED မီးလုံးများကို အသုံးပြုခြင်းမျိုးဖြစ်သည်။ ထို့ပြင် လှိုင်းအလျားရှည်ပြီး နွေးထွေးသောပယင်းရောင်အလင်းကို ထုတ်ပေးနိုင်သည့် LED မီးလုံးများကို အသုံးပြုခြင်းသည် တောက်ပ၍ အဖြူရောင်အလင်းကို ထုတ်ပေးသောမီးလုံးများထက် လူသားတို့အပေါ်ပို၍အကျိုးပြုစေပါသည်။

> **“အလင်းရောင်ညစ်ညမ်းမှုကို လျှော့ချရန်အတွက် အသုံးပြုနိုင်သော အခြားနည်းလမ်းများမှာ နည်းပညာကို အကျိုးရှိရှိအသုံးချခြင်းဖြစ်သည်။ အချိန်သတ်မှတ်ချက်အတိုင်း မီးလင်းစေမည့်(သို့မဟုတ်)လှုပ်ရှားမှုတွေ့မှ မီးလင်းစေမည့် အာရုံခံကိရိယာပါသော အလင်းပေးစနစ်မျိုးနှင့် အပူထွက်ရှိမှုနည်းပါးသော LED မီးလုံးများကို အသုံးပြုခြင်းမျိုးဖြစ်သည်။ ထို့ပြင် လှိုင်းအလျားရှည်ပြီး နွေးထွေးသောပယင်းရောင်အလင်းကို ထုတ်ပေးနိုင်သည့် LED မီးလုံးများကို အသုံးပြုခြင်းသည် တောက်ပ၍ အဖြူရောင်အလင်းကို ထုတ်ပေးသောမီးလုံးများထက် လူသားတို့အပေါ်ပို၍အကျိုးပြု”**

ထို့ကြောင့်လည်း ယနေ့အချိန်တွင် နည်းပညာကုမ္ပဏီများ၊ စမတ်ဖုန်းကုမ္ပဏီများက သူတို့ထုတ်လုပ်သောဖုန်းများတွင် Night Mode ဟုခေါ်သောစနစ်ကို ထည့်ပေးထားခြင်းဖြစ်သည်။ ထိုစနစ်ကိုအသုံးပြုခြင်းကြောင့် ဖုန်း၏မျက်နှာပြင်အလင်းရောင်သည် အလွန်တောက်ပသော အပြာရောင်အလင်းမဟုတ်တော့ဘဲ နွေးထွေးသည့် ပယင်းရောင်အလင်းကိုသာ ထွက်ပေါ်လာစေပါသည်။ အပြာရောင်အလင်းကို အချိန်ကြာကြာကြည့်မိလျှင် မျက်လုံးညောင်းခြင်း၊ အမြင်ဝေဝါးခြင်းနှင့် နောက်ဆုံးအနေဖြင့် မျက်စိအလင်းကွယ်ခြင်းမျိုးအထိဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဖုန်းနှင့်ကွန်ပျူတာများကို အချိန်ကြာမြင့်စွာအသုံးပြု၍ အလွန်အကျွံဂိမ်းကစားသူများသည် အလင်းရောင်ညစ်ညမ်းမှုကို မိမိကိုယ်တိုင်လုပ်ယူနေသလိုဖြစ်ပြီး ဆိုးကျိုးများကို အခြားသူများထက်ပို၍ခံစားရနိုင်ပါသည်။

ဤသို့ဖြင့် အလင်းရောင်ညစ်ညမ်းခြင်း၏ ကျန်းမာရေးအပေါ်သက်ရောက်မှုများနှင့် ကာကွယ်ထိန်းချုပ်ရန်နည်းလမ်းများကို သိရှိခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် အလင်းရောင်ညစ်ညမ်းမှု၏ ဆိုးကျိုးများကိုသိရှိပြီး မိမိအတွက်၊ မိမိ၏ပတ်ဝန်းကျင်အတွက်၊ ကမ္ဘာကြီးအတွက် လျှပ်စစ်မီးအလင်းရောင်ကို ဆင်ဆင်ခြင်ခြင်အသုံးပြုကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessels, LICHTENSTEIN ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁.၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၄.၃၄၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂.၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇.၂၀၂ စက္ကန့်၊ Point C မြောက် လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂.၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉.၁၅၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ၃၉ မိနစ် ၅၁.၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆.၉၈၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ(၆)ရက်နေ့မှ ၂၀၂၂ ခုနှစ် ဩဂုတ်လ(၃၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ A-1 ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessels, LICHTENSTEIN ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက်အထက်ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက် အမှတ် M-9 နှင့် လုပ်ကွက်အမှတ် M-3 တို့တွင် Geotechnical Site Survey(GTI) and Associated Studies ဘူမိဗေဒနည်းပညာဆိုင်ရာ ရေအောက်မြေသားနမူနာ လေ့လာတိုင်းတာခြင်းလုပ်ငန်းများအား Survey Vessel: MV. DP2 KEYFIELD HELMS (Call Sign: 3EJN) ရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါနေ့ရက်တွင် လုပ်ငန်းများမပြီးပြတ်သေးပါဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

Geotechnical Site Survey(GTI) လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| No. | Point | Latitude | Longitude |
|---|---|---|---|
| 1. | M3 ASK-12 | 15° 25' 58.62" N | 95° 30' 00.83" E |
| 2. | ZWP-16(Zawtika-25) | 14° 15' 20.15" N | 95° 33' 27.38" E |
| 3. | ZWP-17(Zawtika-29) | 14° 31' 04.83" N | 96° 00' 39.77" E |
| 4. | ZWP-18(Zawtika-14) | 13° 57' 00.16" N | 95° 46' 05.52" E |
| 5. | ZWP-19(Zawtika-12) | 14° 15' 17.31" N | 95° 56' 35.79" E |
| 6. | Zawtika-38(Jacket Receiver) | 14° 22' 03.20" N | 95° 45' 39.48" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 နှင့် လုပ်ကွက်အမှတ် M-3 တို့တွင် Geotechnical Site Survey (GTI) and Associated Studies ဘူမိဗေဒနည်းပညာဆိုင်ရာ ရေအောက်မြေသားနမူနာ လေ့လာတိုင်းတာခြင်းလုပ်ငန်းများကို Survey Vessel: MV. DP2 KEYFIELD HELMS (Call Sign: 3EJN) ရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ကို ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ **လီဗာပူးအသင်းမှ**

ဆက်နေမလား ဒါမှမဟုတ် ထွက်ခွာတော့မှာလား ဆိုတဲ့ အသင်းရဲ့သံသယတွေလည်း စာချုပ်သစ်ချုပ်ဆိုလိုက်ချိန်မှာ ပျက်ပြယ်သွားခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ရိုးမားအသင်းကနေ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း လီဗာပူးအသင်းနဲ့အတူ ငါးနှစ်တာကာလအတွင်း ပွဲစဉ်စုစုပေါင်း ၂၅၄ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၅၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် လီဗာပူးအသင်းနဲ့အတူ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ဖီဖာကလပ်အသင်းများကမ္ဘာ့ဖလားနဲ့ ယူအီးအက်ဖ်အေစူပါဖလားတို့ကို ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ်ရွှေဖိနပ်ဆုတစ်ကြိမ်နဲ့ ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့က ပေးအပ်တဲ့ တစ်နှစ်တာပီအက်ဖ်အေ အကောင်းဆုံးကစားသမားဆုနှစ်ကြိမ် စတဲ့တစ်ဦးချင်းဆုတွေကိုလည်း ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမှ အားကစားနည်းခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၂**

(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအား အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့ Central Java တွင် ဇူလိုင် ၃၀ ရက်၌ စတင်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။



လက်ရွေးစင်မသန်စွမ်းအားကစားသမားများ ထိုင်လျက်ဘော်လီဘော လေ့ကျင့်နေစဉ်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်၊ မြားပစ်၊ Goalball ၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက်ဘော်လီဘော၊ အလေးမ အားကစားနည်းခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပြိုင်ပွဲအား ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်မှဩဂုတ် ၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်/နည်းပြ ၂၄ ဦး၊ အားကစားသမား ၆၉ ဦး အနေဖြင့် ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ စတင်ထွက်ခွာမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်၊ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေး စခန်းတွင် အားကစားသမား ၆၀ ကျော်သည် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်ကာ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင်အားကစားနည်း ၁၄ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများ အားလုံး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ဗလစိုး**

✪ **အာဆီယံမှ**

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ဟိန်းထက်စိုး (ဂိုး)၊ မျိုးမင်းဟိန်း၊ လန်းဆန်းအောင်၊ လင်းလင်းထွန်း၊ အာကာကျော်၊ ဇော်ဝင်းသိန်း၊ ချစ်အေး၊ မိုးဆွေ၊ လမင်းထွေး၊ ထွန်းထွန်းသိန်း၊ ဥက္ကာနိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။

**သွင်းယူခဲ့**

မြန်မာအသင်းသည် ပွဲအစပိုင်းတွင် ဂိုးရရန် ရုန်းကန်ခဲ့ရသော်လည်း ၂၇ မိနစ်တွင် မိုးဆွေ၏ အဖွင့်ဂိုးရရှိပြီးနောက်ပိုင်း ဂိုးများဆက်တိုက်ရရှိခဲ့ခြင်းဖြစ်သည်။ ၂၉ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၃၈ မိနစ်တွင် လမင်းထွေးတို့က ဂိုးများထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက သုံးဂိုးပြတ်အနိုင်ရရှိနေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၆၈ မိနစ်တွင် ချစ်အေး၊ ၇၄ မိနစ်တွင် သာယာဝင်းထက်၊ ၇၈ မိနစ်တွင် အာကာကျော်နှင့် ၈၅ မိနစ်တွင် သိန်းဇော်သီဟတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စု(က)တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်တို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၄ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# MNL ပြိုင်ပွဲတွင် ဟံသာဝတီကို မဟာယူနိုက်တက် အနိုင်ယူ

**ရန်ကုန် ဇူလိုင် ၂**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ပထမနေ့ကို ဇူလိုင် ၂ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ မဟာယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သည်။

နောက်ဆုံးကျင်းပသည့် ၂၀၂၀ ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့်အပြင် ယခုရာသီ အဖွင့်ပွဲတွင် ဧရာဝတီကို အနိုင်ရထားသည့် ဟံသာဝတီအသင်းသည် မထင်မှတ်ဘဲ မဟာယူနိုက်တက်အသင်းကို အရှုံးပေးခဲ့ရသည်။ အဖွင့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်ကို ဂိုးပြတ်အရေးနိမ့်ထားသည့် မဟာယူနိုက်တက်အသင်းသည် နိုင်ပွဲပြန်လည်ရရှိရေး သေချာပြင်ဆင်ခဲ့ပြီး ရရှိသည့်အခွင့်အရေးများအား အသုံးချနိုင်သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီအသင်းသည် ဧရာဝတီကို အနိုင်ရခဲ့သော ပွဲထွက်လူစာရင်းအား အပြောင်းအလဲအချို့ ပြုလုပ်ကာ ပွဲထွက်ခဲ့သည်။

နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသဖြင့် အပြန်အလှန်ရှိခဲ့သော်လည်း ဟံသာဝတီအသင်းက ဂိုးသွင်းခွင့်ပိုရခဲ့သော်လည်း ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် မဟာယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့ပြီး မျိုးမင်းဖြိုးနှင့် စိုးမင်းနိုင်တွဲလုံးမှ မျိုးမင်းဖြိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် ကြိုးစားသော်လည်း ရှုံးပွဲဖြင့်သာ ကြုံတွေ့ခဲ့ရသည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို ဇူလိုင် ၃ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဧရာဝတီအသင်းနှင့် ရခိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ- MNL**



ဟံသာဝတီနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ငါးသယံဇာတ မပြုန်းတီးရေး ဝိုင်းဝန်းထိန်းသိမ်း

**တင်ထက်ထက်ဇော်**



**လူသားတို့ကျန်းမာရေးအတွက် အရေးပါသောငါး**

လူအများစုက ငါးအစားအစာကို ရွေးချယ်မှု နည်းပါးကြသည်။ အမှန်စင်စစ် ငါးစားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာသည့် ကျန်းမာရေးနှင့် ညီညွတ်သောအကျိုးကျေးဇူး မြောက်မြားစွာရရှိနိုင်ပါသည်။ ထို့ကြောင့် ရက်သတ္တပတ်လျှင် အနည်းဆုံး တစ်ကြိမ်သို့မဟုတ်ရက်ခြား ငါးစားသုံးပေးကြရန် လိုပါသည်။ ငါးတွင် လူသားတို့အတွက် အရေးအပါဆုံး ဓာတ်တစ်မျိုးမှာ ပရိုတင်းဖြစ်သည်။ ငါးဟင်းလျာတစ်ခွက်မှ လူသားတို့ တစ်နေ့တာ လိုအပ်လျက်ရှိသော ပရိုတင်းဓာတ် ၁၅ ရာခိုင်နှုန်းကျော် ရရှိနိုင်ပါသည်။ ပရိုတင်းဓာတ်သည် ကိုယ်တွင်းအင်္ဂါများ၊ အမွေးပါးများ၊ ဆံပင်များ၊ ကြွက်သားများနှင့် ထိုက်သင့်သည့် ဖွံ့ဖြိုးကြီးထွားမှုကို ဖြည့်ဆည်းပေးပါသည်။ ငါးသည် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အသင့်တော်ဆုံးဖြစ်သည်။

ထို့ပြင် ငါးတွင် သတ္တုဓာတ်များ အများအပြားပါဝင်သဖြင့် အရိုး၊ သွား၊ လက်သည်း ကျန်းမာရေးအတွက် အရေးပါသော ဖော့စဖိတ်ဓာတ်ကို ရရှိနိုင်ပါသည်။ သုတေသနတွေ့ရှိချက်များအရ ငါးတွင် ဆယ်လီနီယမ်ဓာတ် ပါဝင်နေသဖြင့် ဆီးကျိတ်ကင်ဆာနှင့် နှလုံးရောဂါပြဿနာများကို ကာကွယ်ပေးနိုင်သည်ဟုဆိုထားသည်။ ငါးများတွင် အကျိုးပြုအဆီဓာတ်များပေါများသဖြင့် လူတို့ကိုယ်ခန္ဓာရှိ အဆီဓာတ်များနှင့် မကောင်းသော LDL ကိုလက်စထရောများကို လျှော့နည်းစေပါသည်။ နှလုံးသွေးကြောကျဉ်းအပါအဝင် လေဖြတ်ရောဂါများ၊ မျက်စိတိမ်စွဲရောဂါ၊ ဆီးကျိတ်ရောဂါနှင့် ဦးနှောက်ဖောက်ပြန် အယ်လ်ဇိုင်းမားရောဂါတို့ကိုလည်း လျှော့နည်းကျဆင်းစေပါသည်။

ထို့မှုမက ငါးတွင် ပိုတက်စီယမ် ပါဝင်မှုကြောင့် ဦးနှောက်သို့ အောက်ဆီဂျင်ပို့လွှတ်မှု အားကောင်းပြီး ခန္ဓာကိုယ်အနှံ့ အရည်ထိန်းဓာတ်ကို ရရှိစေပါသည်။ ဗီတာမင်အီးနှင့် ဗီတာမင်စီတို့လည်း ပါဝင်သဖြင့် အသားအရေကျန်းမာရေးကို အထောက်အပံ့ပြုပါသည်။ ထို့ကြောင့် ငါးစားသုံးခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်သည့် ဇီဝကမ္မဖြစ်စဉ်များနှင့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ၏ လုပ်ဆောင်ချက်များကို ကောင်းမွန်စေသောကြောင့် နေ့စဉ်ဘဝတွင်ငါးစားဖွယ်သည်အထူးသင့်လျော်ဆုံးဖြစ်ပါသည်။

**အရေးပါသောငါးသယံဇာတများ မပြုန်းတီးရေး**

မြို့ပြနေပြည်သူများသည် တစ်နေ့တခြား လူဦးရေတိုးပွားလာကြပြီး နေ့စဉ်စားသုံးမှုအတွက် အသား၊ ငါး လိုအပ်ချက် မြင့်မားလာသည်။ လူသားတို့ ရိက္ခာ သား၊ ငါးကဏ္ဍတွင် ငါးသည် ဈေးနှုန်းအသက်သာဆုံးဖြစ်ပါသည်။ ထိုအခါ ကျန်းမာရေးနှင့်မျှတညီညွတ်ပြီး ဈေးနှုန်းသက်သာသည့် ငါးစားသုံးမှု များပြားလာသဖြင့် ပင်လယ်၊ မြစ်၊ ချောင်း၊ ကန်၊ မြောင်းများမှ ငါးဖမ်းယူမှု များပြားလာပြီး ငါးသယံဇာတရှားပါးမှု မလွဲမသွေ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ငါးမွေးမြူဖမ်းဆီးရေးလုပ်ငန်းများကို စနစ်တကျ မှန်မှန်ကန်ကန် ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံရာသီဥတု၏ မိုးဖြိုင်ဖြိုင်ရွာသော မေ၊ ဇွန်နှင့် ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင် အနှံ့အပြား၌ ဥများ ပြည့်နေသော ငါးမကြီးများ၊ မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြရာ အကယ်၍ ယင်းငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်၊ ငါးသန်များသည် သေကျေပျက်စီးသွားမည် ဖြစ်ပါသည်။ ထိုအခါ တစ်နိုင်ငံလုံး ငါး၊ ပုစွန် ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ရေကြီးကွင်း၊ ရေနက်ကွင်းများတည်ရှိရာ ဒေသများရှိ ကမ်းဝေး/ကမ်းနီး ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် မြို့မိမြို့ဖတို့အား ငါးသယံဇာတများ မပြုန်းတီးရေးအတွက် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲများကို သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနရုံးများက ကျင်းပပေးလျက်ရှိပါသည်။ အဆိုပါ ဟောပြောပွဲများ၌ မေ၊ ဇွန်နှင့် ဇူလိုင်လများသည် ငါးရစ်၊ ငါးသန်ကာလဖြစ်ပြီး ငါးများ မိတ်လိုက်၊ ဥချ၊ သားပေါက်သည့် ရာသီချိန်ဖြစ်ကြောင်း၊ အဆိုပါရာသီကာလများတွင် တားမြစ်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်း၊ ပိုက်စိမ်းဘဝင်းထောင်ခြင်း၊ ဘက်ထရီရှော့ခ်တိုက်၊ မိုင်းခွဲ၊ အဆိပ်ချ၍ ငါးဖမ်းဆီးခြင်း၊ ကမ်းနီးတရွတ်ဆွဲ၍ ငါးဖမ်းဆီးခြင်း၊ ငါးမန်းဖမ်းဆီးခြင်း၊ ငါးမျှားစကြာဖြင့် ငါးဖမ်းဆီးခြင်း၊ သတ်မှတ်အတိုင်းအတာနှင့် မပြည့်မီသော ကဏန်းများဖမ်းဆီးခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်ဖမ်းဆီးပါက ငါးသယံဇာတများ ပြုန်းတီးသွားပြီး နောင်တွင် ငါးသယံဇာတများ ရှားပါးလာမှုများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငါးသယံဇာတများသည် ဂေဟစနစ်ကို ထိန်းသိမ်းရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ငါးသယံဇာတများ မပြုန်းတီးအောင် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဟောပြောလျက်ရှိပါသည်။

ထို့ပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့တွင် သဘာဝငါးသယံဇာတများ ပြုန်းတီးမှုမဖြစ်ပေါ်စေရန် ပြည်သူများ လိုက်နာရမည့် ရေချို၊ ရေငန် ငါးလုပ်ငန်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် စသည့် သတင်းအချက်အလက်များပါဝင်သော မြေစိုက်ပိုစတာများ၊ ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးခြင်း မပြုရန် ပညာပေးပိုစတာများ၊ "ငါးသယံဇာတ ထိန်းသိမ်းရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး" စာသားပါ မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် ငါးလုပ်ငန်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုလည်း ခရီးသွားပြည်သူများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိပါသည်။

**ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်**

နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါအချက်များကို ငါး၊ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်ထားပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊

> **မျက်မှောက်ကာလ လူတန်းစေ့စားသုံးနိုင်သော ငါးဟင်းလျာ၊ အရွယ်အားလုံးအတွက် ကျန်းမာရေးကောင်းမွန်စေသော ငါးအာဟာရ စသည့်အခြေခံအချက်အလက် အထောက်အပံ့ကောင်းများစွာတို့ကြောင့် တိုးပွားလာသော မြန်မာနိုင်ငံ၏ လူဦးရေအတွက် နေ့စဉ်ငါးစားသုံးနိုင်ရေးနှင့် ငါးသယံဇာတများ ပေါများရေးတို့ကို အစဉ်ဂရုတစိုက်ဂရုပြုကြရမည်ဖြစ်သည်။ ထို့ကြောင့် ငါးသယံဇာတ မပြုန်းတီးရေး၊ အနာဂတ်နိုင်ငံတော်အတွက် တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုတို့ကို အထောက်အကူပြုစေရန်အတွက် ငါးဖမ်းလုပ်ငန်းလုပ်ဆောင်သူများက ငါးရစ်ငါးသန်တက်ချိန်ကာလ (သတ်မှတ်ကာလ) များအတွင်း ငါးဖမ်းဆီးမှုကိုမပြုကြဘဲ စည်းကမ်းလိုက်နာနိုင်ကြမည်ဆိုပါလျှင် အနာဂတ်ငါးသယံဇာတကို ထိန်းသိမ်းကာကွယ်ရာရောက်မည်**

- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါး၊ ထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန် အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင် ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်းဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

အချုပ်အားဖြင့်ဆိုသော် မျက်မှောက်ကာလ လူတန်းစေ့စားသုံးနိုင်သော ငါးဟင်းလျာ၊ အရွယ်အားလုံးအတွက် ကျန်းမာရေးကောင်းမွန်စေသော ငါးအာဟာရ စသည့်အခြေခံအချက်အလက် အထောက်အပံ့ကောင်း များစွာတို့ကြောင့် တိုးပွားလာသော မြန်မာနိုင်ငံ၏ လူဦးရေအတွက် နေ့စဉ်ငါးစားသုံးနိုင်ရေးနှင့် ငါးသယံဇာတများ ပေါများရေးတို့ကို အစဉ်ဂရုတစိုက်ဂရုပြုကြရမည်ဖြစ်သည်။ ထို့ကြောင့် ငါးသယံဇာတ မပြုန်းတီးရေး၊ အနာဂတ်နိုင်ငံတော်အတွက် တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုတို့ကို အထောက်အကူပြုစေရန်အတွက် ငါးဖမ်းလုပ်ငန်းလုပ်ဆောင်သူများက ငါးရစ်ငါးသန်တက်ချိန်ကာလ (သတ်မှတ်ကာလ) များအတွင်း ငါးဖမ်းဆီးမှုကိုမပြုကြဘဲ စည်းကမ်းလိုက်နာနိုင်ကြမည်ဆိုပါလျှင် အနာဂတ်ငါးသယံဇာတကို ထိန်းသိမ်းကာကွယ်ရာရောက်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ညွန့်ညွန့်

## အသက်(၉၉)နှစ်

ရန်ကုန်မြို့နေ (ဦးစံဝင်း-ဒေါ်မြသွေး)တို့၏ သမီး၊ (ဦးမောင်မောင်ကြီး-ဒေါ်လှမြ)၊ (ဦးစံဗိုလ်-ဒေါ်သန်းသန်း)၊ (Dr.ဦးတင်မောင်-ဒေါ်ခင်ကြည်)၊ (ဦးကိုလေး-ဒေါ်တင်မေ)၊ (Dr. ဦးလှမောင်-ဒေါ်ခင်သန်းနွယ်)၊ (Dr.ရွှေသာထွန်း)-ဒေါ်တင်တင်ရီ၊ (ဦးသိန်းငွေ-ဒေါ်ခင်စီစီ)၊ (ဒေါ်ညွန့်ညွန့်မော်)၊ (ဦးမျိုးသန့်-ဒေါ်အေးရှင်)တို့၏အစ်မ/ညီမ၊ (ဒုတိယဗိုလ်မှူးကြီး ပန်းအောင်)၏ဇနီး၊ (ဦးမျိုးညွန့်အောင်)၊ (ဦးကျော်ဆန်းလွင်)၊ ဗိုလ်မှူးဘုန်းနိုင်-Dr.ဝင်းမြတ်ခိုင်၊ ဦးကိုကိုညီ (Chief Officer)-ဒေါ်ခင်မေမေအောင်၊ (ဒေါ်ချိုမမ)၊ Captain ရန်နိုင်ဦး-Dr.သန္တာတိုး(Australia)တို့၏ ချစ်လှစွာသော မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွား ဒေါ်ခင်ညွန့်ညွန့်သည် ၁-၇-၂၀၂၂ရက် ည ၉:၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂-၇-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၂၂(ကြာသပတေးနေ့) နံနက်တွင် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ အမျှအတန်းပေးဝေလိုပါသောကြောင့် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၀၆)၊ ကန်သာယာလမ်းနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာသောင်းလင်း(ဆမ-၁၅၈၈၄)

**ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (ရောဂါနှိမ်နင်းရေး)၊**
**ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အသက်(၅၁)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ အေးသော်တာမွန်၏ ခင်ပွန်း ဒေါက်တာ သောင်းလင်း (ဆမ-၁၅၈၈၄) အသက်(၅၁)နှစ်၊ ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး (ရောဂါနှိမ်နင်းရေး)၊ ကယားပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန သည် ၂-၇-၂၀၂၂(စနေနေ့) နံနက် ၀၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဗိုလ်မိုးကြိုးလမ်း၊ မြေကွက်အမှတ်(၃၀၇)ဟုခေါ်တွင်သော မြေအကျယ်(၄၀'x၆၀')အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်၌ဆောက်လုပ်ထားသော တစ်ထပ်ပျဉ်ထောင်အိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ရှင်ဗိုလ်မှူး ကျော်ကျော်မိုး[၁၂/မရက(နိုင်)၀၃၁၀၂၉]ကိုင်ဆောင်သူထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နေခမိ [၁၃/ကတန(နိုင်)၀၈၈၀၄၇]ကိုင်ဆောင်သူမှ (၃-၄-၂၀၁၄)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသော မြေကွက်နှင့် အိမ်များဖြစ်ပါသည်။

၂။ အထက်အပိုဒ်(၁)ပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ခွင့်ပြုသဘောတူညီမှုမရှိဘဲ၊ မြေငှားဂရန်ထုတ်ယူခြင်း၊ မြေချပါမစ်ပျောက်လျှောက်ထားခြင်း မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်လွင်ဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၉၅)၊(၃-၄-၂၀၁၂)**
**အမှတ်(၅၀)၊ ဒုတိယထပ်/ဝဲ၊ အခန်း(၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "အလွမ်းသမ အကောင့်ပိုင်ရှင်နှင့် အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်နေ ဦးရဲထွဋ်မှူး[၆/ဘလန(နိုင်)၀၀၂၉၄၅]နှင့် ဒေါ်ကြည်ကြည်ဦး[၆/မအရ(နိုင်)၀၀၂၄၉၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွဋ်မှူးနှင့် ဒေါ်ကြည်ကြည်ဦးတို့၏သမီး မသဇင်ဦး(ခ) လမင်း(ခေတ္တ-ဂျပန်)ကို အများမှ ထင်ယောင်ထင်မှားဖြစ်စေရန်၊ အသရေပျက်စေရန်၊ နာမည်ဂုဏ်သတင်း ညှိုးနွမ်းစေရန်နှင့် အကျိုးစီးပွားထိခိုက်နစ်နာစေရန် တမင်ရည်ရွယ်၍ ဂုဏ်သိက္ခာထိပါးစေသည့် မမှန်မကန်ပြောဆိုနေမှုများ၊ ပုဂ္ဂလိက အထင်အမြင်များ၊ မသဇင်ဦး၏ ဓာတ်ပုံများကို Social Mediaများ, Facebook, Comment, Share, Messenger, Instagram, E-mail, Viber, Wechat, Line, Telegram စသည်တို့ကို အသုံးပြုပြီး မိမိတို့၏ ကိုယ်ပိုင်အကောင့်များတွင်ဖြစ်စေ၊ အကောင့်တုများတွင်ဖြစ်စေ၊ Group များတွင်ဖြစ်စေ၊ Post များတင်ခြင်း၊ Comment များရေးသားခြင်း၊ အများသိစေရန် Share ခြင်း၊ Private Group Chatများတွင် ပြောဆိုရေးသားကြခြင်းများကြောင့် ကျွန်ုပ်၏မိတ်ဆွေမိသားစုတို့၏ ဂုဏ်သိက္ခာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထိုကဲ့သို့ ပြောဆိုရေးသားနေမှုများအား လူမှုကွန်ရက်စာမျက်နှာများတွင်ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ၊ မည်သည့်နည်းလမ်း၊ မည်သည့်အကြောင်းကြောင့်နှင့်မျှ တစ်စုံတစ်ရာမပြုလုပ်ကြရန် မိမိတို့၏ Post များ၊ Comment များ ရေးသားခြင်းများအား (၂၄)နာရီအတွင်း အပြီးအပိုင် ပယ်ဖျက်ပေးရန် နောက်ဆုံးအကြိမ်အဖြစ် အသိပေးတားမြစ်လိုက်ပါသည်။ တားမြစ်ချက်အား ဖောက်ဖျက်ပြီး မမှန်မကန်ဝေဖန်ရေးသား အသရေဖျက် တိုက်ခိုက်နေမှုများအား ဆက်လက်လုပ်ဆောင်နေကြောင်း တွေ့မြင်ကြားသိရပါက အလွမ်းသမအကောင့်ပိုင်ရှင်ဖြင့် မည်သူကိုမဆို အသရေဖျက်စေမှု၊ နာမည်ဂုဏ်သတင်းညှိုးနွမ်းစေမှု၊ ဆက်သွယ်ရေးလူမှုကွန်ရက်ကို အသုံးပြုကာ အသရေဖျက်မှုတို့အတွက် ဆက်သွယ်ရေးဥပဒေဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ လိုအပ်သလို ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလွမ်းသမအကောင့်ပိုင်ရှင်နှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မိုးသီတာကျော်(LL.B,DIL)** | **ဒေါ်လဲ့ယဉ်လင်း(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၁၈၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၇၉)** |

**အမှတ်(၃၀၈)၊ အောင်မေတ္တာအထက်လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၅၁၁၇၂၉**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်း

## အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ချောင်းစံပြကျေးရွာနှင့် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာ(O-50)နေ သားသမီး ခုနစ်ယောက် တို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုး ဦးသန်းသည် ၂-၇-၂၀၂၂ရက် နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၁၇)၊ အခန်းအမှတ်(၁၁၀၂) (၁၁)လွှာ **Windsor Tower** ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၈၀၀) စတုရန်းပေရှိ ဓာတ်လှေကားပါကွန်ဒိုတိုက်ခန်း၊ ကားတစ်စီးစာ ပါကင်၊ အဲယားကွန်း (၄)လုံး၊ ကိုယ်ပိုင်မီတာ၊ ရေမော်တာ စွဲကပ်တည်ရှိနေသော အရာများ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ **ဦးသန့်ဇော် [၁၄/အမန(နိုင်)၀၁၄၇၄၇]** က ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A.Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် (၂၁) ဟုခေါ်တွင်သော (၁)စန်းတည်း (၅)ထပ် အဆောက်အဦးမှ အပေါ်ဆုံးထပ်၊ စတုတ္ထထပ် (၅)လွှာအကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ)ရှိ လူနေ တိုက်ခန်း (၁)ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်နေထိုင်သူဖြစ်သော ဒေါ်သန္တာဝေ (ဘ) ဦးမောင်မောင် (၁၂/တမန (နိုင်) ၀၀၆၅၇၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၁.၇.၂၀၂၂) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ် ငွေချေပြီး ဆက်လက် ဆောင်ရွက် မည်ဖြစ်ရာ ကန့်ကွက်လိုသူများ ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများ ယူဆောင်၍ နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစင်မောင်ရို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)တိုးချဲ့ရပ်ကွက်၊ သုဓမ္မာလမ်း၊ သီရိရတနာ လက်လီ/လက်ကားဈေး၊ အဆောက်အဦအမှတ် (B)၊ ဆိုင်ခန်းအမှတ် (၆)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀x၄၅)ရှိ (၂)ထပ်ဆိုင်ခန်း အဆောက်အဦနှင့် ယင်းဆိုင်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းကေသီ [၁၂/တမန(နိုင်)၀၈၉၃၄၉] ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်အေးမင်းသန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ်-၃၄၊ ပထမထပ်(ယာ)၊ အလံပြဘုရားလမ်း၊ စံပြဖဆပလရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်-စက်မှုဇုန်၊ မြေကွက်အမှတ်-၄၀+၄၁၊ ဧရိယာ(၄.၂၀၁) ဧက၊ အကျယ်အဝန်း (အလျား $\frac{၂၃၀'၉"+၂၁၁'၆"}{၂၃၀'၆"+၂၁၁'၃"}$ x အနံ ၄၁၄')၊ (၁၀၂၉၈၇)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၄၀+၄၁၊ စက်မှု(၆)လမ်း၊ ရန်ကုန်-စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ဂိုဒေါင်အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ဦးတိုးနိုင်မန်း[၇/သကန(နိုင်)၀၇၈၈၄၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်အေးမင်းသန့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၅၉)**
**အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်မိတ်ဆွေ **ဦးထွန်းထွန်းဦး ၁၂/သလန(နိုင်)၀၆၄၄၇၈၏** လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ နဝရတ်(၃)လမ်း၊ မြေတိုင်းရပ်ကွက်(၄၄)၊ မြေကွက်အမှတ် (၇၃၅) အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဂရန်အမည်ပေါက် ဒေါ်စန္ဒာအေးထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ GP(၆၀၃၂/၂၀၂၁)ရသူ ဒေါ်နန်းစံဟောင်း ၁၃/တကန (နိုင်) **၀၀၄၀၄၈မှ** မိမိသာလျှင် တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါမြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရံငွေ)အဖြစ် ဒေါ်နန်းစံဟောင်းထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

-လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) စဉ် - ၈၄၅၇**
LL.B, D.B.L, D.I.L, D.IP.L, D.IR, Dip in Global English
PGDCWE, DL-DIP (101,202,302,317) (Switzerland)
အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း - ၀၉-၅၀၂၅၅၈၃၊ ၀၉၉၆၅၀၂၅၅၈၃၊ ၀၉၄၄၅၄၄၄၄၃၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃/၄)၊ လူနေရပ်ကွက်အမှတ်(နဝဒေးအိမ်ရာ)၊မြေကွက်အမှတ်(၁၀၃၁)၊အကျယ်အဝန်း(၀. ၀၇၆ဧက) ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအား ရန်ကုန်မြို့တော်စည်ပင်မြေယာဌာန၌ တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးသိန်းထိုက်ဝင်း(၁၃/လရန(နိုင်)၁၃၁၈၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊ ၀၉၄၄၉၉၉၁၉၈၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ မြေကွက်အမှတ်(၁၂၀၉)၊ အကျယ်အဝန်း(၀. ၀၅၆ဧက)ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအား ရန်ကုန်မြို့တော်စည်ပင်မြေယာဌာန၌ တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးမျိုးမြင့်အောင်(၁၂/တမန(နိုင်)၀၀၂၆၄၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊ ၀၉၄၄၉၉၉၁၉၈၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၁ တိုးချဲ့)၊ မြေကွက်အမှတ်(G-6)၊အကျယ်အဝန်း(၀. ၂၂၂ဧက)ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအား ရန်ကုန်မြို့တော်စည်ပင်မြေယာဌာန၌ တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးကျော်ထက်(ခ)သန့်ဇင်(၇/ဝမန(နိုင်)၀၉၀၇၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊ ၀၉၄၄၉၉၉၁၉၈၄

MOEE
YESC
နေ့အခါတွင် သဘာဝအလင်းရောင်ကိုသာ အဓိကထား
သုံးခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ချွေတာပါ။



မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။
- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

---

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ -

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

## အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် (၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၁၀) ရက်) တနင်္ဂနွေနေ့သည် "အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁၁၇/၂၀၂၂ ကို ဇူလိုင် ၂ ရက်စွဲဖြင့် ကြေညာထားပါသည်။

---

**ယနေ့ ဖတ်စရာ**


**အိန္ဒိယဝန်ကြီးချုပ်နှင့် ရုရှားသမ္မတတို့ နှစ်နိုင်ငံအရေးနှင့် ကမ္ဘာ့အရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး** — စာမျက်နှာ ၁၃

**စစ်ကိုင်းတိုင်းဒေသကြီးရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး** — စာမျက်နှာ ၁၅

**အိန္ဒိယနိုင်ငံ၏ဝယ်လိုအားကြောင့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိ** — စာမျက်နှာ ၁၇

**အလေးထားဆွေးနွေး စနစ်သစ်ပညာရေး** — စာမျက်နှာ ၂၁


## အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း ဂိုးပြတ်အနိုင်ရ



မြန်မာ ယူ-၁၉ ကစားသမားများ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။

ရန်ကုန် ဇူလိုင် ၂

၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇူလိုင် ၂ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် ဘရူနိုင်းအသင်းနှင့် တွေ့ဆုံခဲ့ပြီး ခုနစ်ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် ပွဲတိုင်းအရေးပါနေပြီး ဘရူနိုင်းအသင်းထံမှ အနိုင်သုံးမှတ်အပြင် သွင်းဂိုး ခုနစ်ဂိုးအထိပါ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✪

## လီဗာပူးအသင်းနဲ့အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် မိုဟာမက်ဆာလာ ချုပ်ဆို

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အခုချုပ်ဆိုလိုက်တဲ့ စာချုပ်သစ်အရ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ တစ်ပတ်လုပ်ခ လစာပေါင် သုံးသိန်းခွဲကျော်ရရှိမှာဖြစ်ပြီး လီဗာပူးအသင်းရဲ့သမိုင်းမှာ လုပ်ခလစာအများဆုံးပေးချေရတဲ့ ကစားသမားစာရင်းဝင်လာခဲ့တာလည်း ဖြစ်ပါတယ်။

အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာရဲ့ ယခင်ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း တစ်နှစ်ကျန်ရှိနေသေးတာဖြစ်ပြီး အခု စာချုပ်သစ်မချုပ်ဆိုမီက လီဗာပူးအသင်းမှာ

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍